မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၉)

တပေါ်ခ စေတံ မင်္ဂလ မုတ္တမံ

ငြိုးငြိစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

သဒ္ဓါကြည်လင် အလှူဒါနရှင်များအတွက် သတင်းကောင်း

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်း တည်ဆောက်မည်

သတင်းဒါန - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့မှာ ရှိတဲ့ တန်ခိုးကြီး စေတီတွေထဲမှာ အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးလည်း စေတီတစ်ဆူအနေနဲ့ ပါဝင်တယ်။ ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးဟာ ရန်ကုန်နယ်နိမိတ်အတွင်းမှာ ရှိတဲ့ ကုန်းပေါင်း ၉၉ ကုန်းထဲက ကျောက်တွေနဲ့ ဝန်းရံထားတဲ့ ဒီကုန်းတော်ပေါ်မှာ တည်ထားတာဖြစ်ပါတယ်။

သမိုင်း

သမိုင်းအကျဉ်းကတော့ ဟိမဝန္တာတောင်မှာ နေတဲ့ မဟေသရ နတ်မင်းကြီးရဲ့ သားတော် သာရဒေဝနတ်ဘီလူးဟာ ဒီကုန်းတော်မှာ နေထိုင်ပြီး ဂေါတမဘုရားရှင်နဲ့ တန်ခိုးချင်း ပြိုင်ကြပါတယ်။ ဂေါတမဘုရားရှင်ဟာ

စာမျက်နှာ ၃ ကော်လံ ၁ ●



အလှူရှင်များ စုပေါင်းလှူဒါန်းသော တောင်ဘက်စောင်းတန်း တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော မစ္စတာ အီမြောင်ဘက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

၁၀၅ မိုင်စခန်းသည် ပို့ကုန်သွင်းကုန် အများဆုံးတင်ပို့သော စခန်းဖြစ် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအတွက် စေတနာထားလုပ်ကိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီးရှိ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးစခန်းသို့ သွားရောက်ပြီး နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးစခန်း ဧည့်ခန်းမ၌ စခန်းတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် မူဆယ်မြို့မှ ကုန်သည်များအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းနွယ်ဝင်းက ကုန်သွယ်နိုင်မှု၊ တင်ပို့နေသည့် ပို့ကုန် ၁၀ မျိုးတို့၏အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ရန်ကုန်–မန္တလေးမြို့ကြီးများနှင့် နိုင်ငံအတွင်းရှိ အခြားမြို့နယ်များမှ ကုန်သည်ကြီးများ ဈေးကွက်ကိုသိရှိနိုင်ရန် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တိုက်ရိုက်ချိတ်ဆက်၍

စာမျက်နှာ ၁၀ ကော်လံ ၃ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ် ၁၀၅ မိုင်ဂိတ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်)

ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးမြှင့်တင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကြိုးပမ်း

ကမ္ဘာလှည့်ခရီးသည်ပေါင်း သန်း၇၀၀ကျော်သည် နှစ်စဉ် ကမ္ဘာနှင့်အဝန်း လှည့်လည်ခရီးသွားလာလျက် ရှိသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများသည် ထင်ရှားသောခရီးစဉ်ဒေသများ ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်အားလုံး၏ ၁၀ရာခိုင်နှုန်းခန့်ကို အာဆီယံနိုင်ငံများက ဆွဲဆောင်မှုပေးလျက်ရှိသည်။

အာဆီယံဒေသအတွင်းရှိ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ နှစ်ခြိုက်စိတ်ဝင်စားဖွယ်ကောင်းသည့် တောတောင်ရေမြေသဘာဝအလှ၊ သယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာ အမွေအနှစ်များ ပေါများစွာရှိသည်။ တိုင်းရင်းသားပြည်သူတို့၏ ဖော်ရွေနွေးထွေးသော ကြိုဆိုမှုများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကြောင်းရင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များသည် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများတည်ရှိရာ ပုဂံဒေသသို့ ဦးတည်သွားရောက်လေ့လာကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်၊ ပင်းတယဒေသတို့၏ သဘာဝရှုခင်းမြင်ကွင်းများနှင့် ရိုးရာကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ခရီးသွားဧည့်သည် များပြားစွာလာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။

ယခုအခါ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-ဗန်းမော်၊ မန္တလေး-ပုဂံမြို့များသို့ သီးသန့်သင်္ဘောများ စီစဉ်ပြေးဆွဲလျက်ရှိရာ ခရီးသွားများ အစုအဖွဲ့လိုက် သွားလာလျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် သဘာဝသယံဇာတများ ပြည့်စုံနေရုံသာမက လူတို့စိတ်ကူး ဖန်တီးထားသော ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ပင်လယ်တောတောင် ရှုခင်းမြင်ကွင်း အလှအပ ပြည့်စုံလျက်ရှိသည်ဖြစ်ရာ သဘာဝအရင်းအမြစ်များ ဖော်ထုတ်ဆွဲဆောင်ခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ စနစ်တကျ ထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေး စံချိန်စံနှုန်းများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီ တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ မြိုင်ဟေဝန်အိမ်ရာ(တောင်) တိုက်၄ အခန်း၅၉နေ ဦးယဉ်ထွန်းလွင်-ဒေါ်နန်းငွေငွေရီ၊ သားစိုင်းထွန်းအောင်လွင် (၅)နှစ်ပြည့်မွေးနေ့အတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးထွန်းနှင့်ဦးအေးမြင့်တို့ လက်ခံယူသည်။**(အောက်ပုံ)**

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

လူနာများအား နွေးထွေးစွာကြိုဆို၊ စေတနာထား ပြုစုကုသပေး ဝန်ကြီးဒေါက်တာကျော်မြင့် အထူးကုဆေးရုံများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ အထူးကုဆေးရုံ(မင်္ဂလာဒုံ)သို့ သွားရောက်၍ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲစမ်းသပ်ဌာန၊ အမျိုးသားလူနာဆောင်၊ ဆေးရုံရေပေးဝေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် အထူးကုဆေးရုံ (မင်္ဂလာဒုံ) တိုးချဲ့လူနာဆောင် တည်ဆောက်မည့်နေရာနှင့် အဆောက်အအုံ လျာထားချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမီ အဆောက်အအုံဖြစ်စေရေးနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံ (ဝေဘာဂီ)သို့သွားရောက်၍ ဆေးရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ တီဘီဆေးပေးခန်း၊ ကျန်းမာရေး ပညာပေးခန်း၊ ဓာတ်မှန်ခန်း၊ ပြင်ပလူနာဌာန၊ ရောဂါရှာဖွေရေးဌာန၊ ခေတ်မီရောဂါရှာဖွေစမ်းသပ်ရေး စက်ကိရိယာများ အသုံးပြုမှုများကိုလည်းကောင်း၊ သီးသန့်လူနာဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ အမျိုးသမီးလူနာဆောင်၊ ကလေးလူနာကုသဆောင်များ၊ လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် အထူးကုဆေးရုံ (ဝေဘာဂီ) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံ၍ လူနာများအား နွေးထွေးစွာကြိုဆိုပြီး စေတနာထား ပြုစုကုသပေးရန်၊ လူနာများအား မိသားစုသဖွယ် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြုစုကုသပေးကြရန်မှာကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၀၇ ခွန်နီလမ်း ၂၉ ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးငွေဝင်း - ဒေါ်စန်းစန်းလှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

အာဂုံဆောင် နိကာယ်သင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)သည် ဝိနယပိဋကတ်ကို အဓိကထားပို့ချမည့် ဒုတိယအကြိမ်မြောက် အာဂုံဆောင်နိကာယ်သင်တန်းကို ဧပြီ၂၂ရက် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်းသာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇၊ ၀၉-၅၃-၅၁၈၄၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ဖြေဆိုခွင့်ပုံစံများ ကြိုတင်လျှောက်ထားကြရန် လိုအပ်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၂၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၉)

26-2-08 (02).pmd 1 2/26/2008, 1:05 AM

● **ရှေ့ဖုံးမှ**

နတ်ဘီလူးရဲ့ ကြမ်းတမ်းမှုကို ဆုံးမဖို့အတွက် ကိုယ်တိုင်ကြွရောက် ပုန်းတမ်းတန်ခိုးပြိုင်တဲ့အခါ ဂေါတမဘုရားရှင်က အနိုင်ရပြီး နတ်ဘီလူးသားအဖအား ဆံတော်တစ်ဆူ ပေးသနားခဲ့တာကို မဟေသရ နတ်မင်းကြီးက ရွှေကြုတ်မှာထည့်ပြီး ဘုရားရှင် ဖလသမာပတ်ဝင်စားသီတင်းသုံးခဲ့တဲ့ ဒီကုန်းတော်ပေါ်မှာ ဌာပနာတည်ပြီး ကိုးကွယ်ခဲ့ပါတယ်။ မွန်ဘာသာအရ ကျိုက်အဝိုင်အွတ်လို့ အရင်က ခေါ်တွင်ခဲ့ရာက ကာလရွေ့လျားပြီး ကျိုက်ဝိုင်းဘုရားလို့ ယနေ့တိုင် အမည်တွင်လာခဲ့တာဖြစ်ပါတယ်။

ကျိုက်ဝိုင်းဘုရားရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို မြန်မာသက္ကရာဇ် ၁၂၂၅ ခုနှစ်က စတင်ကျင်းပလာခဲ့တာဟာ ဒီနှစ်ဆိုရင်(၁၄၅)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးကို ဤသို့ ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရသည်။



“ရွှေဆိုင်းကပ်လှူ ပူဇော်နိုင်ပါတယ်”

ဦးမောင်လှိုင် အလှည့်ကျဂေါပက အဖွဲ့ဝင်

ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးရဲ့ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မကြာမီမှာ ကျင်းပတော့မှာမို့ ဒီပွဲတော်ကျင်းပမှုနဲ့ ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးမှာ လက်ရှိပြုပြင်မွမ်းမံတည်ဆောက်နေမှု အကြောင်းကို သိရှိနိုင်ဖို့ မြန်မာ့အလင်းသတင်းအဖွဲ့က ဂေါပကအဖွဲ့ဝင်များနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်ပေါ်မှာရှိတဲ့ ဂေါပကရုံးမှာ အလှည့်ကျဂေါပကဖြစ်တဲ့ ဦးအေးကိုနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ **“(၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၉ရက်မှ မတ် ၆ရက်အထိ ကျင်းပမှာ ဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ရက်မှ ၂၉ရက်အထိတော့ ပဋ္ဌာန်းပွဲကျင်းပမှာ ဖြစ်ပါတယ်။ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ဟာ ဂေါပကအဖွဲ့ အဆက်ဆက်က အစဉ်အလာမပျက် ကျင်းပပေးခဲ့တဲ့ ပွဲတော်တစ်ခုပါပဲ။ ဒီပွဲတော်မှာ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ စတဲ့ ပွဲတွေ ပါဝင်ပါတယ်”** လို့ ဦးအေးကိုက ဖြေကြားပါတယ်။

ထူးခြား

ဒီနှစ်ဗုဒ္ဓပူဇနိယပွဲတော်မှာ ထူးခြားတာကတော့ ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးရဲ့ တောင်ဘက်စောင်းတန်းအသစ်ကြီး တည်ဆောက်ပြီးစီးမှုနဲ့ တိုက်ဆိုင်နေတာပဲ ဖြစ်ပါတယ်။ ဒီလို တောင်ဘက်စောင်းတန်းအသစ်ကြီး တည်ဆောက်ပြီးစီးမှုနဲ့ပတ်သက်လို့လဲ **“တောင်ဘက် စောင်းတန်းကြီးက အသစ်တည်ဆောက်ခဲ့တာပါ။ ၂၀၀၇ ခုနှစ် မေ ၂၀ရက်က စတင်တည်ဆောက်တာဟာ အခုဆိုရင် ၉၅ရာခိုင်နှုန်း ပြီးစီးနေပါပြီ၊ ဒီစောင်းတန်းကြီး အခုလို အချိန်တိုအတွင်းမှာ တည်ဆောက်ပြီးစီးတာဟာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြတဲ့ အလှူရှင် ပြည်သူတွေကြောင့်ပဲ ဖြစ်ပါတယ်”** လို့လည်း ဦးအေးကိုက ဆက်လက်ရှင်းပြပါတယ်။



“ဒီစောင်းတန်းကြီး အခုလို အချိန်တို အတွင်း မှာ တည်ဆောက်ပြီးစီးတာဟာ လှူဒါန်းကြတဲ့ အလှူရှင်တွေကြောင့် ဖြစ်ပါတယ်”

ဦးအေးကို အလှည့်ကျ ဂေါပကအဖွဲ့ဝင်

အဲဒီ တောင်ဘက်စောင်းတန်းကြီးကို လိုက်ပြတဲ့အခါ ခံ့ညားသပ်ရပ်ပြီး တကယ့်ကို သဒ္ဓါစိတ်၊ ပီတိစိတ် ဖြစ်ပေါ်အောင် ကောင်းမွန်လှပါတယ်။ စောင်းတန်းအတွင်းမှာ အလှူရှင်တွေရဲ့ အမည်တွေ ရေးထိုးပေးထားတာကလည်း လှူဒါန်းပြီးတဲ့ အလှူရှင်တွေ သဒ္ဓါစိတ် တိုးပွားစေသလို မလှူဒါန်းလိုက်ရသေးတဲ့ သူတွေအတွက် လှူဒါန်းလိုစိတ် တဖွားဖွားဖြစ်ပေါ်စေပါတယ်။ စောင်းတန်းအတွင်းမှာ ထူးထူးခြားခြား ရေးဆွဲထားတဲ့ “ဗုဒ္ဓရဲ့ နေ့စဉ်ကိစ္စ ငါးပါး”ပန်းချီကားမှာ ဗုဒ္ဓဘုရားရှင်ရဲ့ တစ်နေ့တာ ဆောင်ရွက်မှုတွေကို ဖော်ပြထားတာ ဗဟုသုတအဖြစ် မြင်တွေ့ရပါတယ်။ ဒီတောင်ဘက်စောင်းတန်းကြီးကို လာမယ့်တပေါင်းလပြည့်နေ့မှာ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပမှာမို့ ဒီရက်အတွင်းမှာ အလှူရှင်တွေ လာရောက်လှူဒါန်းနိုင်ပါသေးတယ်လို့ သိရပါတယ်။

ဒီလို ရေစက်ချ အခမ်းအနားပွဲပြီးတာနဲ့ ကျိုက်ဝိုင်းစေတီတော်ကြီးရဲ့ အနောက်ဘက်စောင်းတန်းအသစ်ကြီး တည်ဆောက်မှု စတင်မှာဖြစ်ပါတယ်။ အဲဒီ အနောက်ဘက်စောင်းတန်းကြီး တည်ဆောက်မှုနဲ့ပတ်သက်ပြီး ဂေါပက ဦးမောင်လှိုင်က “အနောက်ဘက် စောင်းတန်းကြီး တည်ဆောက်မှုမှာ မုခ်ဦးစောင်းတန်းကို အရင် တည်ဆောက်မှာဖြစ်ပြီး အလှူရှင်တွေအနေနဲ့ တစ်တိုင်ချင်း၊ အခန်းလိုက်၊ မျက်နှာကြက်၊ အမိုးသွပ်နဲ့ မြန်မာမှု လက်ရာတွေကို ကြိုက်နှစ်သက်သလောက် သဒ္ဓါတရားရှိသလို လှူဒါန်းနိုင်ပါတယ်၊ အဲဒီလိုလှူဒါန်းတဲ့ အလှူရှင်တွေကို ကျွန်တော်တို့ ကမ္ပည်းထိုးပြီး လှူဒါန်းခွင့် ပေးမှာပါ၊ အလှူခံရက်ကတော့ စေတီတော်ရင်ပြင်မှာ ပိတ်ရက်မရှိဖွင့်ပြီး လက်ခံပေးနေပါတယ်”လို့ ရှင်းပြပါတယ်။

တန်ခိုးကြီးတဲ့ ကျိုက်ဝိုင်း စေတီတော်ကြီးမှာ ကြုံတောင့်ကြုံခဲ တန်ဆောင်းအလှူပွဲကြီးမို့ အလှူရှင်တွေအတွက် အလှူဒါနပြုဖို့ အခွင့်အရေးကောင်းတစ်ရပ်ပါပဲ။ ဒါ့အပြင် ကျိုက်ဝိုင်း စေတီတော်ကြီးမှာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲလည်း ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒါကတော့ ကိုးလက်မပတ်လည် ရွှေပြားတွေ ကပ်လှူနိုင်သလို အလှူရှင်တွေ သဒ္ဓါတရားရှိသလောက်လည်း ရွှေဆိုင်းကပ်လှူ ပူဇော်နိုင်ပါတယ်။ စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနိယ ပွဲတော်ရက်အတွင်းမှာ ရွှေဆိုင်းအလှူရှင်၊ ရွှေပြားအလှူရှင်တွေဟာ မိသားစုအလိုက် ပန်းရထားနဲ့ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ကြပါတယ်။ ပွဲတော်ရက်အတွင်းမှာ ဆရာတော်ကြီးတွေကိုယ်တိုင် အလှူရှင်တွေကို သာဓုအနုမောဒနာခေါ်ဆိုပြီး အမျှပေးဝေကြမှာ ဖြစ်ပါတယ်။

အခွင့်အရေး

ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးရဲ့ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် နောက်ဆုံးရက်ဖြစ်တဲ့ မတ်၆ရက်မှာ သံဃာတော် အပါး ၂၅၀ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲလည်း ကျင်းပမှာမို့ အလှူဒါနပြုလိုသူတွေအတွက်ကတော့ တကယ့်ကို လှူဒါန်းခွင့်ကြုံတဲ့ အခွင့်အရေးကောင်းတစ်ခုပါပဲ။

ဒါကြောင့် အလှူဒါနပြုလိုသူတွေအတွက် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးရဲ့ စောင်းတန်းတည်ဆောက်မှု၊ ရွှေသင်္ကန်းကပ်လှူမှု၊ ကျောက်ပြားကပ်လှူမှုစတဲ့ အလှူဒါနပြုနိုင်တဲ့ အခွင့်အလမ်းကောင်းတွေ ရှိနေပြီမို့ သွားရောက်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)



မြန်မာမှုအနုပညာ ပန်းပုလက်ရာနှင့် မျက်နှာကြက် မီးဆိုင်းကိုလည်း ဤသို့ လှပစွာတပ်ဆင်ထားသည်။

ရွှေစဥ့်ခုံဆုတောင်းပြည့်စေတီဗုဒ္ဓပူဇနိယပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် မင်းမအုပ်စု သောက်ကန်နယ်မြေအတွင်း၌ ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်မောက်ရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက် ဦးစီးပဓာန နာယကဖြစ်တော်မူသော နိုင်ငံတော်ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ မြို့နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆုထူးပန်ဆရာတော် သလ္လာအရှင်ပဏ္ဍိတ ဦးစီးဦးဆောင်ပြု၍ တည်ထားကိုးကွယ်လျက်ရှိသော သာသနာ၂၅၀၀ကျော်ပေါ်လတ္တံ့ဆကေသဓာတု မြတ်ဗုဒ္ဓ၏ ဆံတော်ခြောက်ဆူပေါ်တော်မူ ရွှေစဉ့်ခုံဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခု တပေါင်းလပြည့်ကျော်၉ရက်နှင့် ၁၀ရက်၊ (မတ်၃၀ရက်နှင့် ၃၁ရက်)တို့တွင် ပင့်သံဃာ ၆၅ပါးတို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်မည်ဖြစ်ရာ ဖုန်း- ၅၄၅၉၈၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၂-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အကပြိုင်ပွဲ
၈:၁၅	၈။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let' Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀	၆။	ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၂၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း-၃)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း-၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	“ဆဒ္ဒန်ဆင်မင်း” တရားတော်(ပထမပိုင်း) အရှင်စန္ဒသာရ (ကျောင်းကုန်းဆရာတော်)
၈:၀၀ - ၂:၀၀	တေးဂီတအစီအစဉ်
၈:၀၅ - ၂:၀၅	သတ္တုတူးသောရွာကလေး
၈:၁၅ - ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀ - ၂:၂၀	Sunday Talk
၉:၂၅ - ၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀ - ၃:၃၀	Activities in the City
၉:၄၀ - ၃:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀ - ၃:၅၀	ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာခြင်း(အပိုင်း-၂) (ဆရာကြီးဦးဌေးအောင်)
၁၀:၁၅ - ၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀	စလင်းရေလှောင်တမံ
၁၀:၃၀ - ၄:၃၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၃၅ - ၄:၃၅	“တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ”(ကြက်မွေးမြူရေး)
၁၀:၅၀ - ၄:၅၀	မိုးလေဝသခန့်မှန်းချက်
၁၀:၅၅ - ၄:၅၅	Biz Net
၁၁:၁၅ - ၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ - ၅:၂၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၁၁:၃၅ - ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀ - ၅:၄၀	၂၀၀၆ခုနှစ် အကယ်ဒမီဩ မြင်ကွင်းများ
၁၂:၀၀ - ၆:၀၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၀၅ - ၆:၀၅	အဆာပြေစားကြမယ် သရေစာမုန့်များကွယ် ‘မန္တလေးခနုံထုပ် ပြုလုပ်နည်း’
၁၂:၂၀ - ၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅ - ၆:၂၅	အမျိုးသားဆေးပညာ အမွေပေးရာတိုင်းရင်းဆေး တက္ကသိုလ် (အပိုင်း-၃) (ပြတိုက်နှင့် ဥယျာဉ်ဌာန)
၁၂:၄၀ - ၆:၄၀	Music Gallery (R ဇာနည်၏ စုံတွဲတေးများ)
၁:၀၀ - ၇:၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ ရစ်ချ်တာစကေး ၇ ဒသမ ၆ ရှိ ငလျင်လှုပ် ပါဒန်မြို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့

ဂျကာတာ ဖေဖော်ဝါရီ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဆူမားကြားကျွန်းကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၅ရက် ဒေသစံတော်ချိန် မွန်းလွဲ ၄နာရီ ၃၆မိနစ်က ရစ်ချ်တာစကေး ၇ဒသမ ၆ ရှိသော အင်အားပြင်းငလျင်လှုပ်သွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားငလျင်သတင်းထုတ်ပြန်ရေးဌာနမှ ပြောကြားသည်။

ယိမ်းထိုးလှုပ်ခါ

အဆိုပါ ငလျင်လှုပ်မှုကြောင့် ဆူမားတြားကျွန်းရှိ ပါဒန်မြို့နှင့် ဘန်ကူလူပြည်နယ်တို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။

ဇီဝလောင်စာဆီသုံး ပထမဆုံးခရီးသည်တင်လေယာဉ် ဟီသရိုးလေဆိပ်မှစတင်ပျံသန်းပြီး အမ်စတာဒမ်တွင် ဆင်းသက်

အမ်စတာဒမ် ဖေဖော်ဝါရီ ၂၅

ဇီဝလောင်စာဆီသုံးစွဲပြီး ပထမဆုံး ပျံသန်းလာသည့် ခရီးသည်တင် လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၂၄ရက်က နယ်သာလန်နိုင်ငံ အမ်စတာဒမ်လေဆိပ်သို့ ဆင်းသက်ခဲ့သည်။

ဇီဝလောင်စာသုံးဘိုးရင်း-၇၄၇ ခရီးသည်တင်လေယာဉ် နယ်သာလန်နိုင်ငံ အမ်စတာဒမ်လေဆိပ်သို့ ဆင်းသက်လာစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဟီးသရိုးလေဆိပ်မှ

အဆိုပါ ဇီဝလောင်စာဆီသုံး လေယာဉ်သည် ဟီးသရိုးလေဆိပ်မှပျံသန်းလာခြင်းဖြစ်ပြီး ခရီးသည်များတင်ဆောင်လာခြင်းမရှိဟု ဆိုသည်။

ဘိုးရင်း-၇၄၇

ယင်း လေယာဉ်သည် ဗာဂျင်း အတ္တလန်တစ်လေကြောင်းလိုင်းမှဖြစ်ပြီး လေယာဉ် အမျိုးအစားမှာ ဘိုးရင်း-၇၄၇ ဖြစ်သည်။

ယခုလအစောပိုင်းတွင် အဲဘတ်စ်က ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ် အေ-၃၈၀ ကို ပြုပြင်ပြောင်းလဲထားသော လောင်စာဆီဖြင့် စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ပေးစွမ်းနိုင်

ဇီဝလောင်စာဆီသုံးဘိုးရင်း-၇၄၇ လေယာဉ်တွင် အင်ဂျင်လေးလုံးပါရှိရာ တစ်လုံးမှာ ဇီဝလောင်စာဆီကန်နှင့် မောင်းနှင်နိုင်ရန် ဆက်သွယ်ထားသည်။ ယင်း လောင်စာဆီဖြင့် စက်စွမ်းအင် ၂၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးစွမ်းနိုင်သည်။

ပူးပေါင်းထုတ်လုပ်

ဇီဝလောင်စာဆီသုံး ပထမဆုံး ခရီးသည်တင်လေယာဉ်ကို ဘိုးရင်း လေယာဉ် ကုမ္ပဏီနှင့် ဂျီအီးကုမ္ပဏီတို့က နည်းပညာပိုင်းအရ ပူးပေါင်း ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်မြောက်ပိုင်း သူပုန်များအား တူရကီတပ်များက ထိုးစစ်ဆင်

အန်ကာရာ ဖေဖော်ဝါရီ ၂၅

တူရကီ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၂ ရက်က အီရတ်မြောက်ပိုင်းနယ်စပ်သို့ဝင်ရောက်လျက် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)သူပုန်များအား မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ သူပုန် ၂၄ ဦး သေဆုံးပြီး တူရကီတပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တိုက်ခိုက်နေ

အဆိုပါ ထိုးစစ်ဆင်တိုက်ပွဲတွင် သူပုန် ဒါဇင်လိုက် သေဆုံးခဲ့ကြောင်း တူရကီတပ်ဖွဲ့ဝင်များက အမြောက်နှင့် စစ်ရဟတ်ယာဉ်များသုံး၍ ဆက်လက်တိုက်ခိုက်နေကြောင်း တူရကီစစ်ဦးစီးချုပ်၏ ကြေညာချက်တွင်ဖော်ပြသည်။

စတင်ပစ်ခတ်

တူရကီတပ်များသည် အီရတ်မြောက်ပိုင်းသို့ ဖေဖော်ဝါရီ ၂၁ရက်ညနေပိုင်းကဝင်ရောက်လာပြီး အမြောက်ဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

တပ်ပြန်ဆုတ်မည်

မြေပြင်ထိုးစစ်ကို တူရကီဂျက်လေယာဉ်များက ကျောထောက် နောက်ခံပြုလျက် ပစ်ကူတိုက်ခိုက်ခဲ့ကြောင်း၊ ပစ်မှတ်များ အောင်မြင်စွာပစ်ခတ်တိုက်ခိုက်ပြီးလျှင် တူရကီနိုင်ငံအတွင်းသို့ တပ်ပြန်ဆုတ်မည်ဖြစ်ကြောင်း တူရကီ စစ်ဦးစီးချုပ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မလေးရှားသို့ ခရီးသွားဧည့်သည်များ လာရောက်မှုမြင့်တက် ၂၀၀၇ ခုနှစ်အတွင်း ခရီးသွား သန်း၂၀ကျော်လာရောက်ခဲ့

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၅

မလေးရှားနိုင်ငံသို့ ၂၀၀၇ခုနှစ် အတွင်း ကမ္ဘာလှည့် ခရီးသည်များ လာရောက်မှုသည် ၂၀ ဒသမ ၉၇သန်းရှိရာ ၂၀၀၆ခုနှစ်ကထက် ၁၉ဒသမ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မလေးရှား ခရီးသွားဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ရက်တွင် ကြေညာသည်။

ကျော်လွန်

ယင်းခရီးသွားဧည့်သည်များလာရောက်မှုအရေအတွက်သည် ၂၀၀၇ ခုနှစ်အတွက် မလေးရှားအစိုးရက ခန့်မှန်းထားသည်ထက် ကျော်လွန်ခဲ့ကြောင်း၊ မလေးရှား ခရီးသွားနှစ်နှင့် တိုက်ဆိုင်နေ၍လည်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အကြီးမားဆုံး

စင်ကာပူနိုင်ငံသည် မလေးရှားနိုင်ငံ၏ အကြီးမားဆုံး ခရီးသွားဧည့်သည်များ လာရောက်သည့်နိုင်ငံဖြစ်ရာ စုစုပေါင်း ခရီးသွားဧည့်သည် ၁၀ဒသမ ၄၉သန်းလာရောက်ခဲ့ကြောင်း၊ အင်ဒိုနီးရှားက ၁ဒသမ၈ဝသန်း၊ ထိုင်း က ၁ဒသမ၆၂သန်း၊ ဘရူနိုင်းက၁ဒသမ ၁၇သန်း၊ တရုတ်က ၆၈၉၂၈၃ဦး၊ အိန္ဒိယက ၄၂၂၄၅၂ဦးနှင့် ဂျပန်နိုင်ငံက ၃၆၇၅၆၇ ဦး အသီးသီး လာရောက်ခဲ့ကြောင်း စာရင်းဇယားများတွင် ဖော်ပြသည်။

ရရှိခဲ့

ခရီးသွားဧည့်သည်များ လာရောက်ခဲ့၍ မလေးရှားအစိုးရသည် စုစုပေါင်းဝင်ငွေ ၄၆ဒသမ ၁ဘီလီယံ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၉၇ ဘီလီယံ) ရရှိခဲ့သည်ဟုဆိုသည်။ ၂၀၀၆ ခုနှစ်က မလေးရှား ရင်းဂစ်ငွေ ၄၄ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ဒသမ ၄၈ ဘီလီယံ)ရရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၌ နှင်းမုန်တိုင်းတိုက်ခတ်

နယူးယောက် ဖေဖော်ဝါရီ ၂၅

အမေရိကန်နိုင်ငံ၏ အကြီးမားဆုံးမြို့တော်ဖြစ်သည့် နယူးယောက်မြို့တော်၌ ဖေဖော်ဝါရီ ၂၂ ရက်က တိုက်ခတ်ခဲ့သည့် နှင်းမုန်တိုင်းမှာ နှစ်နှစ်အတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းဖြစ်ကြောင်း၊ ဆီးနှင်းထုမှာ ခြောက်လက်မကျော်အထိ ကျဆင်းခဲ့သဖြင့် ယာဉ်ကျောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့်အပြင် လေဆိပ်များ၌ လေကြောင်း ခရီးစဉ်ရာပေါင်းများစွာကို ဖျက်သိမ်းခဲ့ရသည်။

ပြီးခဲ့သည့် ၁၉၄၈ခုနှစ်က နယူးယောက်မြို့တော်၌ ဆီးနှင်းကျဆင်းမှုမှာ ၅ ဒသမ ၇လက်မအထိအများဆုံး ကျဆင်းခဲ့သဖြင့် ဖေဖော်ဝါရီ ၂၂ရက်က ဆီးနှင်းကျဆင်းမှု ခြောက်လက်မ ဖြစ်ခဲ့သဖြင့် အမြင့်ဆုံးစံချိန်သို့ ရောက်ရှိ သွားခဲ့ကြောင်း တီဗွီ-၁ ရုပ်မြင်သံကြားဌာနကသတင်းထုတ်ပြန်သည်။

များပြား

ယင်းနေ့ နံနက်စောစောပိုင်းမှ စတင်၍ ဆီးနှင်းများကျဆင်းလာခဲ့ပြီး မိုးလေဝသဌာနမှ ခန့်မှန်းသည်ထက် ပိုမိုများပြားခဲ့သည်။

ဖျက်သိမ်း

အဆိုပါ နှင်းမုန်တိုင်းကြောင့် ယင်းနေ့ တစ်ရက်တည်း၌ပင် နယူးယောက်မြို့တော်ရှိ လေဆိပ်ကြီးသုံးခု၌ ငါးနာရီခန့်ကြာ လေယာဉ် ခရီးစဉ်များ ရပ်ဆိုင်းသွားခဲ့ပြီး လေကြောင်း ခရီးစဉ် ၉၀၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

(အင်တာနက်)

အစ္စရေးစစ်သားများအား ပြန်ပေးဆွဲမည်ဟု ဟားမတ်စ်အဖွဲ့ ခြိမ်းခြောက်ပြောကြား

ဂါဇာ ဖေဖော်ဝါရီ ၂၅

ဂျူးနိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံက အကျဉ်းသားများ အပြန်အလှန် ဖလှယ်ရေးအတွက် ငြင်းဆန်နေမည်ဆိုလျှင် အစ္စရေးစစ်သားများကို ပိုပြီးပြန်ပေးဆွဲသွားမည်ဖြစ်ကြောင်း အစ္စလာမ္မစ်ခုခံတိုက်ခိုက်ရေးလှုပ်ရှားမှုအဖွဲ့ (ဟားမတ်စ်)က ဖေဖော်ဝါရီ ၂၃ ရက်က သတိပေးပြောကြားလိုက်သည်။

ပြောကြား

စစ်သားများ ဖမ်းဆီးခြင်းသည် ရည်မှန်းချက်တစ်ရပ်အရ လုပ်နေခြင်းမဟုတ်သလို ဝါသနာအရ လုပ်နေခြင်းလည်းမဟုတ်ကြောင်း ဟားမတ်စ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အိုစမာ အယ်လ်မူဇီနီက ပြောကြားသည်။

ပြန်ပေးဆွဲရလိမ့်မည်

မိမိတို့၏ ရည်မှန်းချက်မှာ မိမိတို့ အကျဉ်းသားများ လွတ်မြောက်ရေးပင်ဖြစ်ကြောင်း၊ အစ္စရေးတို့အနေဖြင့်ဖမ်းဆီးထားသော အကျဉ်းသားများပြန်လွှတ်မပေးလျှင် အကျဉ်းသားများပြန်လွှတ်ပေးသည့်တိုင်အောင် အစ္စရေးစစ်သားများကို ပြန်ပေးဆွဲရလိမ့်မည်ဖြစ်ကြောင်း အယ်လ်မူဇီနီက ပြောကြားသည်။

ဖမ်းဆီးထား

ဟားမတ်စ်တို့က အစ္စရေးစစ်သား ဂီလက်ရှာလစ်အား ၂၀၀၆ ခုနှစ် ဇွန်လကတည်းက ဂါဇာ၌ဖမ်းဆီးထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့၏ အရှေ့ဘက် ကီလိုမီတာ ၄၀ အကွာတွင် ဘတ်စ်ကားတစ်စီး ချောင်းအတွင်းသို့ ထိုးကျပြီးနောက် ပျက်စီးသွားသော အပျက်အစီးများကို ဖေဖော်ဝါရီ ၂၄ ရက်က ဤသို့တွေ့ရသည်။ (အဆိုပါ မော်တော်ကား မတော်တဆမှုတွင် ၁၂ ဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

အချိန်နောက်ကျရခြင်း ...

ကျောင်းသို့အချိန်နောက်ကျပြီး ရောက်ရှိလာသော ကျောင်းသားတစ်ဦးအား ဆရာက မေးလေသည်။

ဆရာ ။ ။ ကျောင်းလာတာ နောက်ကျလှချည်လား။

ကျောင်းသား ။ ။ ဟုတ်ကဲ့။

ဆရာ ။ ။ ဘာဖြစ်လို့ နောက်ကျနေတာလဲ။

ကျောင်းသား ။ ။ ကျောင်းကိုလာရင်း အမှတ်အသား လုပ်ထားတဲ့ စာရွက် ပျောက်သွားလို့ လိုက်ရှာနေရလို့ပါ။

ဆရာ ။ ။ ဘယ်လောက်အရေးပါတဲ့ စာရွက်မို့လဲကွာ။

ကျောင်းသား ။ ။ ကျောင်းကိုဘယ်လိုသွားရမယ်ဆိုတဲ့ လမ်းညွှန်စာရွက်လေးပါ ဆရာ။

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အစ္စရေးနှင့်ဂါဇာနယ်စပ်လုံခြုံရေး အစ္စရေးစစ်ဘက်က ပိုမိုချထား

တဲလ်အဗစ် ဖေဖော်ဝါရီ ၂၅

နယ်မြေသွားလာဖြတ်သန်းမှု ပိတ်ပင်ထားသည့်အတွက် ကန့်ကွက်ဆန္ဒပြခြင်းမပြုမီ အစ္စရေးစစ်ဘက်က နယ်စပ်တစ်လျှောက်တွင် လုံခြုံရေးတိုးမြှင့်ချထားလိုက်သည်။

ဂါဇာနယ်စပ်အနီးတွင် အစ္စရေးတပ်က လေကြောင်းမှ တိုက်ခိုက်သည့်အတွက် ဟားမတ်စ်တိုက်ခိုက်ရေးသမား သုံးဦး တနင်္ဂနွေနေ့က သေဆုံးသွားသည်။

ဂါဇာမှ ထောင်ပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများသည် တနင်္လာနေ့ ကန့်ကွက်ဆန္ဒပြမှုတွင် ကမ်းခြေနယ်မြေတစ်လျှောက်လုံး လူအပြည့် တန်းစီဆန္ဒပြမည်ဟု မျှော်မှန်းထားသည်ဆိုသည်။ မိမိတို့သည်နယ်ခြားကို ချိုးဖောက်ဖျက်ဆီးရန် ရည်ရွယ်ချက်မရှိကြောင်း ဆန္ဒပြပွဲ စည်းရုံးလှုံ့ဆော်သူများက ပြောဆိုသည်။

အစ္စရေးတပ်များက ဆန္ဒပြပွဲ တားဆီးရန် ကြိုးပမ်းစဉ် ထိခိုက်မှုများရှိမည်ကို စိုးရိမ်ကြောင်း ဟာရက်သတင်းစာက ရေးသားလိုက်သည်။

(အင်တာနက်)

တရုတ်နှင့်ဥရုဂွေး သံတမန်ဆက်ဆံရေး နှစ် ၂၀ ပြည့် အခမ်းအနားကျင်းပ

ပေကျင်း ဖေဖော်ဝါရီ ၂၅

တရုတ်နိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး နှစ် ၂၀ ပြည့် အခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။

အမြင်ချင်း

အခမ်းအနားကို တာဝန်ယူကျင်းပပေးသည့် ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်မှုဆိုင်ရာ တရုတ်အမျိုးသားအဖွဲ့ (စီပီအေအက်ဖ်အက်ဖ်စီ)မှ ဒုတိယဥက္ကဋ္ဌ လီကျန်ပင်းက စိုက်ပျိုးရေး၊ ပညာရေး၊ နည်းပညာနှင့် အခြားကဏ္ဍများအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် နှစ်နိုင်ငံအနေဖြင့် အပြန်အလှန် အမြင်ချင်းဖလှယ်မှုများအပါအဝင် နှစ်ပေါင်း ၂၀ ကျော်ကြာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စီပီအေအက်ဖ်အက်ဖ်စီအနေဖြင့် တရုတ်နိုင်ငံရှိ ဥရုဂွေးသံရုံးနှင့် ဆက်သွယ်ကာ နှစ်နိုင်ငံပြည်သူနှင့် အစိုးရအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဓိကကျ

တရုတ်နိုင်ငံရှိ ဥရုဂွေးသံအမတ်ကြီး လူးရစ်လီနာဒိုလီမီကလည်း တရုတ်နိုင်ငံသည် ဥရုဂွေးနိုင်ငံ၏ အာရှဒေသတွင် အဓိကအကျဆုံး ကုန်သွယ်မှုနိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားသမ္မတသစ် မစ္စတာအီး ကျမ်းသစ္စာကျိန်ဆို

ဆိုးလ် ဖေဖော်ဝါရီ ၂၅

၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြုလုပ်သည့် တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည့် အီမြောင်ဘက်သည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

အခမ်းအနားသို့ ဂျပန်ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါ၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်ဇ် အပါအဝင် နိုင်ငံတကာအစိုးရအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တောင်ကိုရီးယားသမ္မတနိုမူဟွန်း၏ နေရာကို ဆက်ခံသည့် မစ္စတာအီက တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ရှင်သန်လာရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး မြောက်ကိုရီးယားနှင့်ပတ်သက်၍ ပြတ်သားသည့် သဘောထားချမှတ်မည်ဟု ပြောကြားလိုက်သည်။

တောင်ကိုရီးယားသမ္မတ အများစုသည် ဗိုလ်ချုပ်ကြီးဟောင်းများ သို့မဟုတ် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားခဲ့သူများသာ ဖြစ်သော်လည်း မစ္စတာအီမှာ စီးပွားရေးလုပ်ငန်းနယ်ပယ်မှလာသည့် ပထမဆုံး သမ္မတဖြစ်သည်။ **(အင်တာနက်)**

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

အန္တရာယ်ရှိပစ္စည်းများနှင့် နောက်ပြောင်မှုမပြုသင့်...

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တောင်ဘက် မိုင် ၈၀ ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂၄ ရက်က မတော်တဆဖြစ်ရပ်ကြောင့် လူငယ်တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ရပ်မှာ အသက် ၁၄ နှစ်အရွယ် လူငယ်နှစ်ဦးတို့သည် ကျေးရွာအနီးမှ တွေ့ရှိရသော မိုင်းတစ်လုံးကို နောက်ပြောင်ဆော့ကစားခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှ လူငယ်တစ်ဦး ပွဲချင်းပြီးသေဆုံးကာ တစ်ဦးမှာ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဤဖြစ်ရပ်မှာ လူငယ်များအနေဖြင့် ပေါက်ကွဲစေတတ်သော အန္တရာယ်ရှိသည့် ပစ္စည်းများဖြင့် နောက်ပြောင်ဆော့ကစားခြင်းမပြုမိရန် သင်ခန်းစာပေးလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပျက်ကျ

တူရကီနိုင်ငံ ဟာကာရီပြည်နယ် ကူရာကာစစ်အခြေစိုက်စခန်း၌ ရဟတ်ယာဉ်တစ်စင်း ပျံတက်စဉ် ပျက်ကျခဲ့သည့်မြင်ကွင်းကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်းလွန်၌ ဖေဖော်ဝါရီ ၂၄ ရက်က ဖမ်းမိခဲ့သော အဖြူရောင်ဝေလငါးတစ်ကောင်သည် အရှည် ၁၀ ပေရှိကာ အလေးချိန် ပေါင် ၁၀၀၀ ရှိရာ ဖမ်းမိခဲ့သည့် အဖြူရောင်ဝေလငါးများအနက် အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။
(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ကျန်ကျင်းမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်က ဂီဖန်ကိုင်အမည်ရှိ တရုတ်လူငယ်တစ်ဦးက ထောင်ထားသည့် ပုလင်းများပေါ်မှ စက်ဘီးစီးပြနေသည့် မြင်ကွင်းမှာ....။
(အင်တာနက်ဓာတ်ပုံ)

အိုဘားမား၏ မဲဆွယ်စည်းရုံးခဲ့သည့်လုပ်ရပ် ရှက်ဖွယ်လိလိဟု ဟီလာရီကလင်တန်ဝေဖန်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရေးတွင် ကြိုးပမ်းလျက်ရှိသော အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က ၎င်း၏ပြိုင်ဘက် အိုဘားမားအပေါ်၌ ယခုအထိ အပြင်းထန်ဆုံး စကားလုံးများသုံးစွဲကာ ပြစ်တင်ရှုတ်ချလိုက်သည်။

ဟီလာရီကလင်တန်က သူ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒသဘောထားနှင့်ပတ်သက်၍ အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားက မဟုတ်မမှန် လီဆယ်ရေးသားပြီး လက်ကမ်းစာရွက်များ ဖြန့်ဝေနေသည်ဟု စွပ်စွဲလိုက်သည်။



ပြောကြား

ထိုလုပ်ရပ်ကြောင့် ဘာရက်အိုဘားမားမှာ ရှက်ဖွယ်ကောင်းကြောင်း ဟီလာရီကလင်တန်က ထည့်သွင်းပြောကြားလိုက်သည်။ ၁၀ရက်အတွင်း အကြိုရွေးကောက်ပွဲ မဲဆွယ်ဟောပြောစဉ် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်က အထက်ပါအတိုင်းထုတ်ဖော်ဝေဖန် ပြောကြားလိုက်ခြင်းဖြစ်သည်။

အိုဘားမားကမူ ဟီလာရီကလင်တန်၏ **(အပေါ်ပုံ)** ယင်းသို့ လေသံပြောင်းသွားမှုအပေါ် သူ မတွေးတောတတ်အောင် ဖြစ်ရကြောင်းပြောကာ သူ့လက်ကမ်းစာရွက်ပါ အချက်များကို ခုခံကာကွယ်လိုက်သည်။

မှန်းဆထား

မတ် ၄ ရက်တွင် ပြုလုပ်မည့် အိုဟိုင်းယိုးပြည်နယ် အကြိုရွေးကောက်ပွဲနှင့် တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲနှစ်ခုစလုံးသည် ဟီလာရီကလင်တန် အနိုင်ရမည်ဟု မှန်းဆထားသည်။

အနိုင်ရနေ

သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းနေရာအတွက် အကြိတ်အနယ် မဲဆွယ်စည်းရုံးကြရာတွင် အကြိုရွေးကောက်ပွဲ ၁၁ခုလုံးတွင် အိုဘားမားက ဆက်တိုက်အနိုင်ရနေခြင်း ဖြစ်သည်။

ယခုအခါ အိုဘားမားက ညီလာခံ ကိုယ်စားလှယ် ၁၃၅၃ ဦးနှင့် ဟီလာရီကလင်တန်က ညီလာခံကိုယ်စားလှယ် ၁၂၆၄ ဦး ရရှိထားသည်။

စည်းရုံး

ပြည်နယ် အကြိုရွေးကောက်ပွဲနှစ်ခုစလုံးတွင် ကာယလုပ်သား မဲဆန္ဒရှင်များ၏ ထောက်ခံမှုရရှိရေးမှာ အရေးပါသည့်ကိစ္စဖြစ်သည်။ ဟီလာရီကလင်တန်က ဝင်ငွေနည်းသူများအား ဦးတည်စည်းရုံးမဲဆွယ်မှု စတင်ပြုလုပ်ပြီးဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း စစ်ဆေးရေးဂိတ်တစ်ခု၌ ဖေဖော်ဝါရီ ၂၄ရက်က စစ်သွေးကြွများ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့၍ အနည်းဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ယင်းစစ်ဆေးရေးဂိတ်သည် ပက်ရှဝါမြို့ မက်နီကျေးရွာအနီး၌ ရှိသည်။ စစ်သွေးကြွ ၆၀ခန့်က စစ်ဆေးရေးဂိတ်ကို ဒုံးပစ်လောင်ချာများ၊ လက်ပစ်ဗုံးများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

တိုက်ပွဲဖြစ်ပွား

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများသည် မိနစ် ၉၀ကြာ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

သေဆုံးခဲ့

မကြာသေးသည့် လများက ပါကစ္စတန် လုံခြုံရေးတပ်များနှင့် တာလီဘန် လိုလားသော စစ်သွေးကြွအုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူရာချီ၍ သေဆုံးခဲ့ရပြီဟု ဆိုသည်။

သိမ်းပိုက်

ပြီးခဲ့သည့်လတွင် စစ်သွေးကြွများက ဒါရာအဒမ်ကယ်မြို့အနီး ဂျပန်နိုင်ငံမှ တည်ဆောက်ပေးထားသည့် ဥမင်လမ်းကို သိမ်းပိုက်ထားစဉ် တိုက်ပွဲများဖြစ်ပွားခဲ့ရာ အနည်းဆုံး စစ်သွေးကြွ ၇၀သေဆုံးပြီး စစ်သား ၁၃ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကင်ညာ၌ အကြမ်းဖက်မှုများအဆုံးသတ်ရေး အာဖရိကသမဂ္ဂဥက္ကဋ္ဌ တိုက်တွန်းပြောကြား

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၅

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲပြီးနောက် သတင်းပတ်များစွာ အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်ရေး သဘောတူညီချက်ရရှိရန် အာဖရိကသမဂ္ဂဥက္ကဋ္ဌက ကင်ညာအစိုးရနှင့် အတိုက်အခံတို့အား တိုက်တွန်းလိုက်သည်။

အစိုးရနှင့်အတိုက်အခံတို့သည် အာဏာခွဲဝေအုပ်ချုပ်နိုင်ရန်အတွက် ဝန်ကြီးချုပ်ရာထူးနေရာ ခန့်ထားရေးအပါအဝင် မူကြမ်းတစ်ရပ်ရေးဆွဲရန် ဆွေးနွေးလျက်ရှိသည်။

သဘောထားကွဲလွဲ

အစိုးရနှင့်အတိုက်အခံတို့ အဆိုပါ ဝန်ကြီးချုပ်ရာထူးနေရာ ခန့်ထားရေးကိစ္စနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲလျက်ရှိသည်။

တိုက်တွန်း

ယင်းဝန်ကြီးချုပ်ရာထူးအတွက် မှန်ကန်စွာရွေးချယ်ပြီးလျှင် အကြမ်းဖက်မှုများ အဆုံးသတ်စေနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က တိုက်တွန်းလိုက်သည်။

ဆွေးနွေး

ကင်ညာနိုင်ငံ၌ အစိုးရနှင့် အတိုက်အခံတို့အကြား ငြိမ်းချမ်းရေးစာချုပ်ရန် ဆွေးနွေးနေပြီဖြစ်သော်လည်း နိုင်ရိုဘီမြို့၌ ဖေဖော်ဝါရီ ၂၁ရက်က အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက် ရှိသည်။ **(ယာပုံ)**

(အင်တာနက်)

အသက်အကြီးဆုံး ဂျပန်အဘွားအို အသက် ၁၁၃ နှစ်၌ ကွယ်လွန်

တိုကျို ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး လူသားဖြစ်သည့် အသက် ၁၁၃နှစ်အရွယ်ရှိ အမျိုးသမီးကြီး တီဆူနီလိုတိုယိုနာဂါသည် ဖေဖော်ဝါရီ ၂၂ရက်တွင် ကွယ်လွန်သွားကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

အသက် ၁၁၃နှစ်တွင် ကွယ်လွန်သွားသော ဂျပန်အဘွားအို တိုယိုနာဂါအား မကွယ်လွန်မီက တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အသက် ၁၁၃နှစ်အရွယ်ရှိ အမျိုးသမီးကြီး တိုယိုနာဂါသည် ၁၈၉၄ခုနှစ်က မွေးဖွားခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်၌ သူမအသက်မှာ ၁၁၃နှစ် ကိုးလရှိပြီဖြစ်သည်။

တိုယိုနာဂါသည် ဂျပန်နိုင်ငံအနောက်ပိုင်း နန်ကိုကူမြို့၌ နေထိုင်သူဖြစ်ပြီး သားသမီး ငါးဦးနှင့်မြေး ၁၀ဦးရှိသည်။

အကြီးဆုံး

အမျိုးသမီးကြီး တိုယိုနာဂါ သေဆုံးသွားသဖြင့် အသက် ၁၁၃နှစ် နှစ်လရှိသော ကာကူယာမာနာကာ အမည်ရှိ အမျိုးသမီးကြီးမှာ ဂျပန်နိုင်ငံ၌ အသက်အကြီးဆုံး လူသားဖြစ်လာသည်။

သက်တမ်း

ဂျပန်နိုင်ငံတွင် အသက်ရှည်မှုနှုန်း တိုးမြှင့်လျက်ရှိရာ လက်ရှိအချိန်၌ ဂျပန်နိုင်ငံသားများ၏ သက်တမ်းသည် ပျမ်းမျှ ၈၅ ဒသမ ၈ နှစ် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ကွာလာလမ်ပူနှင့်ကိတ်တောင်းမြို့အကြား အီးမရိတ်လေကြောင်း ပျံသန်းပြေးဆွဲမည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၅

ဒူဘိုင်းလ်အခြေစိုက် အီးမရိတ်လေကြောင်းလိုင်းသည် မတ် ၃၀ရက်ကစပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့တို့အကြား ပျံသန်းခြင်းဖြင့် ခရီးသည်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ရက်က ယင်းလေကြောင်းလိုင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ တောင်အာဖရိကမြို့သည် အီးမရိတ်လေကြောင်းကွန်ရက်တွင် အခု၁၀၀မြောက် လေယာဉ်ဆိုက်ရောက်ရာနေရာ ဖြစ်လာမည်ဖြစ်သည်။

ပျံသန်းပြေးဆွဲ

အီးမရိတ်လေကြောင်းလိုင်းသည် ကွာလာလမ်ပူမှ အာဖရိက၏ တတိယအကြီးဆုံးလေဆိပ်ဖြစ်သည့် ကိတ်တောင်းနိုင်ငံတကာလေဆိပ်သို့ နေ့စဉ်ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း အထက်ပါကြေညာချက်၌ ဖော်ပြသည်။

ယင်းအီးမရိတ်လေကြောင်းလိုင်းက ကိတ်တောင်းမြို့သို့ တစ်ပတ်လျှင် ခရီးသည် ၂၀၀၀နှင့် ကုန်တန်ချိန် ၁၀၀ ကျော် ပို့ဆောင်ပေးမည်ဟု ဆိုသည်။

ဖွံ့ဖြိုးတိုးတက်လာ

ထိုသို့လေကြောင်းလိုင်းသစ် ပျံသန်းပြေးဆွဲခြင်းဖြင့် မလေးရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အကြား စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အီးမရိတ်လေကြောင်းလိုင်းမန်နေဂျာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီကာရာဂွာ သမ္မတနိုင်ငံ

သတင်းအက်ဆေး

နီကာရာဂွာ သမ္မတနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည်။ ပြည်တွင်းစစ်၊ မြေငလျင်ဘေး၊ ဟာရီကိန်းမုန်တိုင်းဘေးစသည့် သဘာဝကပ်ဘေးတို့၏ အကျိုးဆက်များက နီကာရာဂွာသမ္မတနိုင်ငံကို အနောက်ကမ္ဘာခြမ်း၌ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံ အဖြစ်သို့ တွန်းပို့ထားခဲ့ရာမှ ယခုအခါ နာလံထူအောင် မနည်းရုန်းထွက်နေရသည်။

တော်လှန်ရေးအောင်ပွဲခံ

နီကာရာဂွာ သမ္မတနိုင်ငံသည် အစဉ်အလာအားဖြင့် လယ်ယာထွက်ပို့ကုန်များအပေါ်တွင်သာ မှီခိုအားထားနေရသည်။ သို့သော် ထိုလုပ်ငန်းမှာလည်း စပိန်မျိုးဆက် လက်တစ်ဆုပ်စာ လူ့မလိုင်ခဲ မိသားစုအနည်းအငယ်ကသာ အကျိုးအမြတ်များ မြက်မြက်ခံစားနေသည်။ အဓိကအကျိုးခံစားနေသည့်သူများကား ဆိုမိုဇာ မိသားစုပင်ဖြစ်သည်။ ယင်းမိသားစုသည် နီကာရာဂွာနိုင်ငံ၌ ၁၉၃၇ခုနှစ်မှသည် ဆန်ဒီနစ္စတာ တော်လှန်ရေးအောင်ပွဲခံသည့် ၁၉၇၉ခုနှစ်အထိ အမေရိကန်ထောက်ခံမှုဖြင့် တိုင်းပြည်ကို အုပ်ချုပ်စိုးမိုးခဲ့သည်။

သမိုင်းကိုပြန်ကြည့်လျှင် ဒေသခံအိန္ဒိယလူမျိုးစုခေါင်းဆောင် နီကာရာအို၏ အမည်ကို အစွဲပြု၍ စပိန်နယ်သစ်ရှာဖွေသူ ဂီးလ်ဂွန်ဇာလက်ဒီအေဗီလာက ဤနိုင်ငံကို နီကာရာဂွာနိုင်ငံဟု အမည်ပေးလိုက်သည်။ ၁၇နှင့် ၁၈ရာစုနှစ်များတွင် ဗြိတိန်က အမွေသိမ်းယူအုပ်ချုပ်သည်။ ၁၈၂၁ခုနှစ်တွင် နီကာရာဂွာ လွတ်လပ်ရေးရသည်ဆိုသော်လည်း မက္ကဆီကို အင်ပါယာအတွင်း ဆွဲသွင်းခံရသည်။ ၁၈၂၃ခုနှစ်တွင် ကော့စတာရီကာ၊ အယ်ဆာဗေဒို၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ် ပါဝင်သည့် ဗဟိုအမေရိက ညီညွတ်ရေးပြည်နယ်များအဖွဲ့ဝင် ဖြစ်လာသည်။

အာဏာရှင်စနစ်ထူထောင်

၁၈၃၈ခုနှစ်တွင် အပြည့်အဝ လွတ်လပ်ရေးရသည်။ ၁၈၆၀ပြည့်နှစ်တွင် ကာရစ်ဘီယံကမ်းခြေ အုပ်ချုပ်ရေးကို ဗြိတိန်က နီကာရာဂွာ အစိုးရထံ လွှဲအပ်လိုက်ရသည်။ ၁၈၉၃ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဟိုဆေးဆန်တော့ဇေလာယာက အာဏာသိမ်းပြီး အာဏာရှင်စနစ် ထူထောင်သည်။ ၁၉၀၉ခုနှစ်တွင် ၎င်းအားဖြုတ်ချရန် အမေရိကန်တပ်များက ကူညီသည်။ ၁၉၁၂-၂၅ခုနှစ်များအတွင်း အမေရိကန်စစ်စခန်းများ ဖွင့်လှစ်သည်။ ၁၉၂၇-၃၃ခုနှစ်များအတွင်း အမေရိကန်တပ်စွဲထားမှုကို ဩဂတ်စတိုဆီဇာဆန်ဒီနို ဦးဆောင်သည့် ပြောက်ကျားများက တွန်းလှန်သည်။ ၁၉၃၄ခုနှစ်တွင် အမျိုးသားလုံခြုံရေးတပ်မှူး ဗိုလ်ချုပ်ကြီး အနာစတာဆီယိုဆိုမိုဇာဂါစီယာ၏ အမိန့်ဖြင့် ဆန်ဒီနို လုပ်ကြံခံရသည်။

အာဏာရှင်အုပ်စိုးမှုအစ

၁၉၃၇ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဆိုမိုဇာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ဤသည်မှာ ၄၄နှစ်ကြာ သူ့မိသားစု၏ အာဏာရှင်အုပ်စိုးမှု အစပင်ဖြစ်သည်။ ၁၉၅၆ခုနှစ်၌ သူလုပ်ကြံခံရသောအခါ သားလူဝီဆိုမိုဇာ တက်သည်။ ၁၉၆၇ခုနှစ်၌ လူဝီဆိုမိုဇာ ကွယ်လွန်သော် ညီဖြစ်သူ အနာစတာဆီယိုဆိုမိုဇာက ဆက်ခံသည်။ သူသည်လည်း ၁၉၇၉ခုနှစ်တွင် ရာထူးပြုတ်ပြီးနောက် ၁၉၈၀ပြည့်နှစ်တွင် ပါရာဂွေးနိုင်ငံ၌ လုပ်ကြံခံရသည်။

စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်း

ဆန်ဒီနစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ်ဦး (အက်ဖ်အက်စ်အယ်လ်အင်န်)ကို ၁၉၆၁ခုနှစ်တွင်ဖွဲ့စည်းလိုက်သည်။ ယင်း၏ စစ်ဆင်ရေးမှာ အနာစတာဆီယိုဆိုမိုဇာအား ဖယ်ရှားအပြီး ၁၉၇၉ခုနှစ်တွင် အဆုံးသတ်လိုက်သည်။ ၁၉၈၀ပြည့်နှစ်တွင် ဒင်နီယက်အော်တေဂါ ဦးဆောင်သည့် အက်ဖ်အက်စ်အယ်အင် အစိုးရက နိုင်ငံတစ်ဝန်း စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်သည်။ ဆိုမိုဇာ မိသားစုပိုင် လယ်မြေများကို သမဝါယမပိုင် လယ်ယာအဖြစ် ပြောင်းလဲပစ်လိုက်သည်။ ၁၉၈၂ခုနှစ်တွင် အမေရိကန် ထောက်ခံအားပေးသည့် ကွန်ထရာသူပုန်များက ဟွန်ဒူးရပ်စ်နိုင်ငံ၌ စခန်းချကာ တိုက်ခိုက်လာသည်။ နီကာရာဂွာနိုင်ငံ၌ အရေးပေါ်အခြေအနေ ကြေညာသည်။ ၁၉၈၄ခုနှစ်တွင် အော်တေဂါ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ နီကာရာဂွာဆိပ်ကမ်းများကို အမေရိကန်က မိုင်းဗုံးခွဲသည်။ ထိုလုပ်ရပ်ကို ကမ္ဘာ့တရားရုံးက ပြစ်တင်ရှုတ်ချသည်။ ၁၉၉၀ပြည့် ရွေးကောက်ပွဲတွင် အမေရိကန်ထောက်ခံသည့် လက်ယာဗဟို အမျိုးသားအတိုက်အခံ သမဂ္ဂက အက်ဖ်အက်စ်အယ်အင်ကို နိုင်ကာ ဗွိုင်အိုဒိုလက်တာချာမိုရို သမ္မတဖြစ်လာသည်။

အတိုက်အခံ ဆန်ဒီနစ္စတာပါတီသည် ၁၉၉၀ပြည့်နှစ်မှစ၍ ရွေးကောက်ပွဲတွင် သုံးကြိမ်ဆက်တိုက် အရေးမလှသည့်ကြားမှပင် ၂၀၀၂ခုနှစ် မတ်လတွင် ဒင်နီယယ်အော်တေဂါအား ပါတီခေါင်းဆောင်အဖြစ် ပြန်လည်တင်မြှောက်လိုက်သည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် သမ္မတဟောင်းအော်တေဂါ ပြန်လည်အရွေးခံရကာ သမ္မတဖြစ်လာသည်။ နိုင်ငံရေးဇာတာစန်းလာဘ်ပြန်တက်လာသည်။ အော်တေဂါသည် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် သမ္မတရာထူးလက်ခံသည်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အရှုံးနှင့်ရင်မဆိုင်ရမီက အော်တေဂါသည် တော်လှန်ရေးကာလနှင့် ပြည်တွင်းစစ်ကာလများ တစ်လျှောက်လုံး နီကာရာဂွာနိုင်ငံကို ဦးဆောင်ခဲ့သည်။ သူသည် လက်ဝဲသမား ဆန်ဒီနစ္စတာ ခေါင်းဆောင်ဖြစ်သည်။ သူ၏ အတိတ်က မာ့ခ်စ်ဝါဒ အစွဲအလမ်းအပေါ် ပြည်သူတို့ စိုးရိမ်ပူပန်မှုမရှိစေရေး သူကြိုးပမ်းဖြေသိမ့်နေရသည်။ စီးပွားရေး အကြီးအကျယ် ပြောင်းလဲမှု မလုပ်ပါ။ အမေရိကန်နှင့် ဒေသတွင်း လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်ကို ထောက်ခံပါသည်ဟု ပြောနေရသည်။

ရှေ့လျှောက်လှမ်းရမည့်လမ်း

အော်တေဂါသည် အရင်းရှင်စီးပွားရေး အောင်မြင်မှုထုံသင်းနေသည့် မြောက်ပြန်လေနုအေးကို တဖြည်းဖြည်း ခံစားတတ်လာပြီ ဖြစ်သည်။ ထို့ကြောင့်ပင် သမ္မတရာထူး ဆက်ခံသည့်အခမ်းအနား၌ သူက အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပြီး နီကာရာဂွာနိုင်ငံအတွက် ရှေ့လျှောက်လှမ်းရမည့် လမ်းသစ်တွေ့ထားပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ မှန်ပါသည်။ ရက်စက်တဲ့ အရင်းရှင်စနစ်က သန်းပေါင်းများစွာသော ပြည်သူတို့ကို ဆင်းရဲတွင်းကမတက်နိုင်အောင် တွန်းပို့ထားပါသည်ဟူသော သူ့လက်သုံးစကားကို တစ်လုံးတစ်ပါဒမျှမသုံးမိ၊ မပြောမိအောင် အော်တေဂါ ဝေးဝေးကရှောင်သည်။ ထိုလက်သုံးစကားကို ယခုအပြီးတိုင် စွန့်လွှတ်လိုက်ပေပြီ။

နီကာရာဂွာနိုင်ငံ၏ တော်ရုံသင့်ရုံ ခရီးသွားလုပ်ငန်းကို ပြန်မတ်ပေးနိုင်လျှင် ထောင်တက်သွားနိုင်သည်။ အော်တေဂါ၏ စိတ်အာရုံတွင် တောရိုင်းကြေးငှက် တိရစ္ဆာန်နှင့် အပင်များစုံလင်သည့် မိုးသစ်တောများ၊ မီးတောင်များ၊ သဲသောင်ပေါသည့် ပင်လယ်ကမ်းခြေ၊ ကိုလိုနီခေတ် ဗိသုကာလက်ရာများက အစီအရီပေါ်လာသည်။ အနာဂတ်ဖွံ့ဖြိုးတိုးတက်မည့် အလားအလာများက အားတက်စရာဖြစ်သည်။ ဤတွင် မည်မျှခက်ခဲသည်ဖြစ်စေ အများအတွက်ဟူသော ရင်တွင်းမှလာသည့် ခံစားချက်ကြောင့် အော်တေဂါ အောင်မြင်စွာ စွမ်းဆောင်နိုင်မည်မှာ မုချ၊ ရေမြင့်လျှင် ကြာတင့်မည်ဟူသောအသိက အော်တေဂါ၏ ဦးနှောက်တွင် သံမှိုနှက်ထားသလို စွဲထင်လျက်ရှိသည့်အတွက် မတိမ်းစောင်းစေရန် တည့်မတ်ပေးမည် ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **အာဂျင်တီးနားနိုင်ငံ ရီရိုဂါလီရိုစ့်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၉၇၀ခန့်အကွာ ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ ဖေဖော်ဝါရီ၂၄ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၈အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ ရီရိုဂါလီရိုစ့်မြို့၌ အဆောက်အအုံအချို့ ပြိုကျခဲ့၍ ဆူနာမီသတိပေးချက် ထုတ်ပြန်ထားသည်။**
- အီကွေဒေါနိုင်ငံ ဂွာယက်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှု ဖြစ်ပွားခဲ့မှုကြောင့် ငှက်ပျောခြံများနှင့် စပါးခင်းများစွာ ပျက်စီးဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

- **စပိန်နိုင်ငံ မက်ဒရစ်မြို့တောင်ဘက် မိုင် ၈၀ခန့်အကွာရှိ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂၄ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**
- တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးနှင့် ဟီနန်ပြည်တို့တွင် ဖေဖော်ဝါရီ ၂၃ရက်က မိုးသည်းထန်စွာရွာသွန်းခြင်း၊ နှင်းမုန်တိုင်းများတိုက်ခတ်ခြင်းတို့ ဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။
- **ဂရိနိုင်ငံ အေသင်မြို့မြောက်ဘက် မိုင်၁၃၀ခန့်အကွာ ကျေးရွာတစ်ရွာအနီး၌ ဖေဖော်ဝါရီ ၂၄ရက်က နှစ်ပေါင်း၁၇၀၀ခန့်က ရှေးခေတ်လူသားတို့ အသုံးပြုခဲ့သည့် ကျောက်လက်နက်အချို့ကို ဂရိသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။**
- ယီမင်နိုင်ငံ ဆာနာမြို့၌ ဖေဖော်ဝါရီ ၂၅ရက်က သုံးထပ်လူနေအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။
- **တူနီးရှားနိုင်ငံ တူးနစ်မြို့မြောက်ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ၂၄ရက်ညက ကျားတစ်ကောင်ဝင်ရောက် သောင်းကျန်းခဲ့မှုကြောင့် ရွာသားတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။**
- သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အရှေ့တောင်ဘက် မိုင်၅၀ခန့်အကွာ အဝေးပြေး ကားလမ်းမပေါ်၌ ဖေဖော်ဝါရီ ၂၅ရက်က မော်တော်ယာဉ်ငါးစီးတိုက်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

၂၅-၂-၂၀၀၈

ဆီးရီးယားနှင့် အီဂျစ် ဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်၌ပါဝင်

ဆီးရီးယားနှင့် အီဂျစ်နှစ်နိုင်ငံတို့သည် ဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့များပေးပို့ရန် သဘောတူညီလိုက်ကြသည်။

လာမည့်မတ်လ ၂၁ရက်မှ စတင်ကာ ဆီးရီးယား၊ အီဂျစ်၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် တူရကီနိုင်ငံများ၏ အာရပ်ဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်၌ ပါဝင်ဆောင်ရွက်သွားမည်ဟု ဆီးရီးယားနှင့် အီဂျစ်ရေနံဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

စပိန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

စပိန်နိုင်ငံမြောက်ပိုင်း ဘီလ်ဘာအိုမြို့၌ ဖေဖော်ဝါရီ ၂၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဘီလ်ဘာအိုရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးမှာ ဘီလ်ဘာအိုမြို့ဘူတာရုံ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဘူတာရုံ အနည်းငယ် ပျက်စီးမှုဖြစ်ခဲ့သော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးလေယာဉ်များ လုံခြုံရေးသတိထားရန် သတိပေး

အစ္စရေးနိုင်ငံသို့ ပျံသန်းလာသော လေယာဉ်များအနေဖြင့် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် အထူးသတိရှိကြရန် အစ္စရေးသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတိပေးချက် ထုတ်ပြန်လိုက်သည်။

ဟစ်ဇ်ဘိုလာ ခေါင်းဆောင်တစ်ဦး သတ်ဖြတ်ခံရပြီးနောက် အစ္စရေး လေကြောင်းလိုင်းများမှ လေယာဉ်များကို ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားက တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဂျင်တီးနား၊ ဘရာဇီးနှင့်ဘိုလီးဘီးယား စွမ်းအင်ကဏ္ဍ ပူးပေါင်းရန်သဘောတူ

အာဂျင်တီးနား၊ ဘရာဇီးနှင့်ဘိုလီးဘီးယား သုံးနိုင်ငံတို့အနေဖြင့် စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီလိုက်ကြသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ စွမ်းအင်ဖြည့်ဆည်းပေးမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပူးပေါင်းရှာဖွေမှုတို့ကို အပြန်အလှန် ပူးတွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

အစ္စရေးတို့ ပစ်ခတ်မှု ဂါဇာ၌ သုံးဦးသေဆုံး

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပါလက်စတိုင်းသုံးဦး သေဆုံးသွားကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

အစ္စရေးတို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို မိမိတို့ကလည်း လက်တုံ့ပြန်မည်ဖြစ်ကြောင်း ပါလက်စတိုင်း လက်နက်ကိုင်များက တုံ့ပြန်လိုက်သည်။

အီရတ်၌ ဗုံးခွဲတိုက်ခိုက် လူ ၄၀သေ၊ ၅၀ဒဏ်ရာရ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၄၀သေဆုံးပြီး ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့တောင်ဘက် အစ်ကန်ဒါရီယာမြို့၌ ဖြစ်ပြီး ဒဏ်ရာရရှိသူ ၅၀ခန့်ရှိကြောင်း၊ သေဆုံးမှုအရေအတွက်တိုးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြည်ပရေနံထုတ်လုပ်သူများ အင်ဒိုဖိတ်ခေါ်

အင်ဒိုနီးရှားနိုင်ငံ ဂျားဗားပြည်နယ်အလယ်ပိုင်းနှင့် အရှေ့ဂျားဗားပြည်နယ်တွင် ရေနံရှာဖွေတူးဖော်ခြင်းလုပ်ငန်းအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ပြည်နယ်နှစ်ခု၌ ရေနံရှာဖွေထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ၂ဒသမ၇၃ဘီလီယံ ရင်းနှီးမြှုပ်နှံရန် အဆိုပြုမှုများရရှိခဲ့သည်။

ဘဝဒဿန အမြင်

- **A cheerful wife is a gift of life.**
  ကြည်သာရွှင်ပျသော ဇနီးသည် ဘဝ၏လက်ဆောင်မွန်ဖြစ်သည်။
  စစ်စီရို (အီတလီစာရေးဆရာ)
- **You cannot please everybody.**
  သင်သည် လူတိုင်းအပေါ် ကျေနပ်နှစ်သိမ့်စေနိုင်မည် မဟုတ်ပေ။
  အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒေါ့ထက်တောင်ပိုသေး

(အဘိုး) ပျောက်ချက်သားကောင်းလှချည်လား မောင်ကာဠု၊ ဘာတွေ လုပ်နေလဲကွယ့်။

(မောင်ကာဠု) အိမ်မှာကုပ်ပြီး စာဖတ်နေတာပါအဘိုး။

(ဘိုး) ဘာစာတွေဖတ်ဖြစ်လဲကွ။

(ဠု) စုံလို့ပါပဲ အဘိုးရယ်၊ ဒီကနေ့ ရေလဲနဲ့သုံးနေကြတဲ့ စကားလုံးတစ်ခုကို ပိုသဘောပေါက်ချင်လို့ စာအုပ်တွေ ရှာဖတ်နေတာပါ၊ ဒီမိုကရေစီဆိုတဲ့စကားလုံးပေါ့ အဘိုးရဲ့။

(ဘိုး) ဟ–ဒီစကားလုံးကို လူတိုင်းသိနေတာပဲကွ၊ ဘာအတွက် ဒီစကားလုံးတစ်လုံးအတွက်နဲ့ စာအုပ်ပင်လယ်ကြီးထဲ လက်ပစ်ကူးနေရတာလဲ။

(ဠု) ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကနေ့ အနောက်က မီဒီယာတွေကလဲ ဒီမိုကရေစီ၊ အနောက်က နိုင်ငံရေးသမားတွေကလဲ ဒီမိုကရေစီ၊ ပြည်တွင်းမှာလဲ ဟိုချောင်က ဒီမိုကရေစီ၊ ဒီချောင်က ဒီမိုကရေစီ၊ လက်ဝဲကလဲ ဒီမိုကရေစီ၊ လက်ယာကလဲ ဒီမိုကရေစီနဲ့ နေ့စဉ်ရွတ်ဖတ်နေကြတယ်ခင်ဗျာ။ ဦးနှောက်ပိုးစားရတဲ့အကြောင်းကတော့ သူတစ်ပါးရဲ့ အချုပ်အခြာ အာဏာတွေကို ချိုးဖောက်၊ နိုင်ငံတွေကို ကျူးကျော်တိုက်ခိုက်သွေးစုပ် အမြတ်ထုတ်နေတဲ့ နယ်ချဲ့လက်ဟောင်း၊ လက်သစ်နိုင်ငံတွေကလဲ ဒီမိုကရေစီတဲ့ အဘိုးရဲ့၊ ဒီတော့ ဒီစကားလုံးဟာ မျက်စိလည်စရာ၊ ဦးနှောက်စားစရာ ဖြစ်မနေဘူးလား။

(ဘိုး) ဘာမှ ဦးနှောက်စားစရာမလိုဘူး၊ **ဒီမိုကရေစီဆိုတာ ရှင်းရှင်းလေးပဲ၊ ဒီဝေါဟာရရဲ့ မူလဇာစ်မြစ်က ဂရိဘာသာစကား “ဒီမိုကရာတော့” ဖြစ်တယ်။ အင်္ဂလိပ်က ရာစုနှစ်ပေါင်းများစွာကြာမှ ဒီမိုကရာတော့ကို ဒီမိုကရေစီဆိုပြီး မွေးစားယူခဲ့တာဖြစ်တယ်။ ဂရိသက်ဝေါဟာရ၊ ဂရိပျက်ဝေါဟာရပေါ့ကွယ်။ ဂရိဘာသာမှာ ဒီမိုဆိုတာကတော့ ပြည်သူလူထုပါပဲ၊ ကရာတော့ကတော့ စီမံ(အုပ်ချုပ်)တာပေါ့၊ ပြည်သူလူထုအတွက် ပြည်သူလူထုက ပြည်သူ့အုပ်ချုပ်ရေးထူထောင်တယ်လို့ အနက်အဓိပ္ပာယ်ရတယ်။ လူများစု (ပြည်သူအများစု)က မိမိတို့ကောင်းကျိုးချမ်းသာအတွက် မိမိတို့ ဆန္ဒသဘောအတိုင်း ဆုံးဖြတ်ဆောင်ရွက်နိုင်တဲ့ လွတ်လပ်ခွင့်ကြီးကို ဒီမိုကရေစီလို့ သုံးနှုန်းခဲ့တာပဲ။**

(ဠု) အဘိုးတစ်ခါပြောတဲ့ ကုလသမဂ္ဂပဋိညာဉ်ပါ အခြေခံမူကြီးတစ်ရပ်အရ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ ဆုံးဖြတ်လုပ်ဆောင်ခွင့်ပေါ့ ဟုတ်လားအဘိုး။

(ဘိုး) အေး–အဲဒါလွတ်လပ်ခွင့်ပဲ၊ ဒီမိုကရေစီအစစ်ပဲ၊ ထားပါတော့ကွာ–ဆိုရှယ်လစ်ကလဲ ဆင်းရဲသားလူများစု ဆင်းရဲတွင်းက လွတ်မြောက်စေတဲ့ ဆိုရှယ်လစ်စနစ် လွတ်လွတ်လပ်လပ်တည်ဆောက်ခွင့်ကို ဆိုရှယ်လစ်ဒီမိုကရေစီတဲ့၊ အရင်းရှင်တွေကလဲ အရင်းရှင်စနစ်ထွန်းကားမှ အဆင့်မြင့်မားပြီး ချမ်းသာလာမှာမို့ အရင်းရှင်စနစ်လွတ်လပ်စွာ တည်ဆောက်ခွင့်ဟာ အရင်းရှင်တွေရဲ့ ဒီမိုကရေစီတဲ့၊ **အမျိုးသားနိုင်ငံရေးမှာတော့ တစ်မျိုးသားလုံး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင်၊ လူနေမှုအဆင့်အတန်းမြင့်မားလာအောင် အမျိုးသားရေးအမြင်နဲ့၊ အမျိုးသားအကျိုးစီးပွားကို အမျိုးသားဆန္ဒအပေါ် ဖြောင့်ဖြောင့်တန်းတန်း တည်ဆောက်မယ်၊ အဲဒီလိုတည်ဆောက်တဲ့အခါ စည်းကမ်းတကျ နေထိုင်ဆောင်ရွက်ကြမယ်၊ အဲဒါဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ၊ တို့မြန်မာနိုင်ငံဟာ အခု စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို အခိုင်အမာထူထောင်ဖို့ အုတ်မြစ်ခိုင်ခိုင်ချနေပြီပဲ၊ အဲဒါ ပြည်ပအစွဲ၊ ပယောဂ၊ ဂိုဏ်းဂဏ၊ ဝါဒစွဲကင်းတဲ့ အမျိုးသားနိုင်ငံရေးရဲ့ သဘောလက္ခဏာပဲကွယ့်။**

(ဠု) အဘိုးပြောသလို ဆိုရှယ်လစ်စနစ်တည်ဆောက်ဖို့ နိုင်ငံ့လူဦးရေ အများစုက ဆန္ဒရှိကြလို့ ဆိုရှယ်လစ်ဒီမိုကရေစီကျင့်သုံးတာ၊ လူများစုက အရင်းရှင်စနစ်ကျင့်သုံးဖို့ဆန္ဒရှိလို့ အရင်းရှင်ဒီမိုကရေစီကျင့်သုံးတာ၊ ကျွန်တော်တို့က အပြစ်ပြောမနေဘူး။ ကျွန်တော်တို့ နိုင်ငံကတော့ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို ကျင့်သုံးသွားမှာပေါ့။

(ဘိုး) ဟုတ်တယ်မောင်ကာဠုရဲ့၊ ဒီမိုကရေစီဆိုတဲ့ဝေါဟာရကိုက မူလ ဂရိဘာသာ ဒီမိုကရာတော့ကို မွေးစားယူထားတဲ့ အင်္ဂလိပ်ဘာသာ ဝေါဟာရ၊ မူလဂရိ ဒီမိုကရေစီက ထောင်ဂဏန်း၊ သောင်းဂဏန်းသာရှိတဲ့ ဂရိခေတ်မြို့ပြနိုင်ငံတွေမှာ လူထုကိုယ်တိုင် တက်ရောက်ဆွေးနွေး ဆုံးဖြတ်လုပ်ဆောင်ခဲ့တဲ့ ဒီမိုကရေစီကွယ့်၊ အင်္ဂလိပ်တွေက သူတို့အရင်းရှင်စနစ်ကို ဖိနှိပ်လာတဲ့ ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ပြီး အရင်းရှင်စနစ် လွတ်လွတ်လပ်လပ်တည်ဆောက်နိုင်မယ့် လွတ်လပ်ခွင့်အာဏာကို ဘုရင့်ဆီက ခွဲဝေရယူခဲ့တယ်။ ငွေကြေးချမ်းသာသူတွေသာ အမတ်ဖြစ်နိုင်တဲ့ ပါလီမန်စနစ်ထူထောင်ခဲ့တယ်။ အဲဒါကို အရင်းရှင်တွေက ဒီမိုကရေစီလို့ ဆိုင်းဘုတ်တပ်ခဲ့တာဖြစ်တယ်။

(ဠု) အဲဒီ **အင်္ဂလိပ်နဲ့ ဥရောပစက်မှုအရင်းရှင်တွေက လွတ်လွတ်လပ်လပ် နယ်ချဲ့ပြီး သူတို့ရဲ့အရင်းရှင်နိုင်ငံတွေ ချမ်းသာသည်ထက် ချမ်းသာအောင် ကမ္ဘာ့နိုင်ငံတစ်ရာကျော်ကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက် ကျွန်ပြုကြတယ်။ ကျွန်ပြုခံနိုင်ငံတွေက ထွက်ကုန်သီးနှံတွေ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတွေ အကုန်ကုပ်သွေးစုပ်ထုတ်ယူသွားကြတယ်။ ဒါကြောင့် နယ်ချဲ့သမားတွေပြောတဲ့ သူတို့ဒီမိုကရေစီဆိုတာဟာ ဒီမိုကရေစီအစစ် မဟုတ်ဘူး၊ လွတ်လပ်စွာ နယ်ချဲ့ခွင့်၊ လွတ်လပ်စွာ စွက်ဖက်ကျူးကျော်ခွင့် သက်သက်ပဲဖြစ်တယ်။ ဒေါင်းယောင်ဆောင်ပြီး ဒေါင်းအတောင်တွေတပ်ထားတဲ့ ကျီးကန်းပဲဖြစ်တယ်။**

(ဘိုး) မင်းတော်လာပြီကွ၊ ဘီလူးစည်း၊ လူ့စည်းခွဲမြင်တတ်ပြီ။ ဒီအချိန်ဟာ ညီအစ်ကို မသိတသိအချိန်မျိုး၊ မှောင်ရီလွှမ်းတဲ့ကာလမျိုး မဟုတ်ဘူး။ ဒီနေ့ ပညာခေတ်၊ အသိခေတ်မှာ တို့တစ်တွေဟာ ရှင်ကြီးဝမ်းလဲ ဝင်ဖူးပြီ၊ ရှင်ငယ်ဝမ်းလဲဝင်ဖူးပြီ၊ ဒါကြောင့် ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တွေပါးစပ်က ထွက်တဲ့ ဒီမိုကရေစီ၊ စွက်ဖက်ကျူးကျော်ပြီး ကိုယ်ကျိုးအတွက် ထင်ရာလုပ်နေတဲ့သူတွေရဲ့ နှုတ်ထွက်ဒီမိုကရေစီဟာ တို့အတွက် ငှက်ဆိုးထိုးသံလို့ သိနေကြပြီကွယ့်။

(ဠု) လွတ်လပ်ရေးနဲ့ ထိုက်တန်အောင်၊ ဒီမိုကရေစီနဲ့ ထိုက်တန်အောင် စည်းကမ်းရှိရမယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း အကြိမ်ကြိမ်ပြောခဲ့တာပဲ အဘိုးရဲ့၊ စည်းကမ်းတကျနေဖို့တော့ တွန့်ဆုတ်တယ်၊ ဒီမိုကရေစီစကားကျတော့ တွင်တွင်ပြောတယ် ဆိုတဲ့ လူတွေကလဲရှိသေး။

(ဘိုး) ကိုယ်ကောင်းစားဖို့၊ ကိုယ့်အဖွဲ့၊ ကိုယ့်ပါတီ အာဏာရဖို့အတွက် လွတ်လပ်စွာစည်းရုံးနိုင်ရမယ်၊ လွတ်လပ်စွာဆန္ဒပြနိုင်ရမယ်၊ လွတ်လပ်စွာ သပိတ်မှောက်ရမယ်။ အေး–အဲဒီလို ဆန္ဒပြကြတဲ့အခါ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ၊ ဆိုင်တွေဖောက်လုယက်၊ ကားတွေ မီးရှို့ဖျက်ဆီးတာတော့ ဆန္ဒပြပွဲတွေရဲ့ ရိုးရာအစဉ်အလာ MOBISM (အဓိကရုဏ်းသွင်အဖြစ်) ဝင်လာတတ်တာ သည်းခံကြ၊ ကျုပ်တို့ ကျွန်မတို့ကတော့ အာဏာမရမချင်း ဆန္ဒပြမှာပဲ၊ ထိပ်တိုက်ရင်ဆိုင်လုပ်မှာပဲ၊ ဒီမိုကရေစီမရသေးခင်(အာဏာမရသေးခင်) ဆင်းရဲတာခံကြ၊ ပြည်ပက ပိတ်ဆို့တာခံလိုက်ကြဦး၊ အာဏာရဖို့ သေချာအောင် ပြည်ပကစွက်ဖက်ပိတ်ဆို့မှုတွေ၊ အကူအညီတွေယူရမှာပဲဆိုတဲ့ လူတွေကလဲ ရှိသေးတယ်ကွယ့်။

(ဠု) ဟုတ်ပါရဲ့၊ ထိပ်တိုက်ရင်ဆိုင်တယ်၊ အာဏာဖီဆန်တယ်၊ ဥပဒေချိုးဖောက်တယ်ဆိုတာကို အာဏာရရေးဗျူဟာအဖြစ် အသုံးချနေကြတာမျိုးပေါ့။ ပြည်သူ့အကျိုးကို မျက်ကွယ်ပြုရုံမကဘူး၊ ပြည်သူ့အကျိုးစီးပွားကို အငုတ်ကလေးတောင်မကျန်အောင် ပြည်သူကိုစတေးပြီး အာဏာဖြတ်လမ်းနည်းလိုက်၊ သူခိုးဓားရိုးကမ်းနေကြတဲ့သူတွေကို ပြည်သူကလဲ ဒီမိုကရေစီအစစ်ရဲ့ရန်သူတွေလို့ မြင်တတ်နေကြပါပြီ။

မောင်ကာဠု

(ဘိုး) ဒါကြောင့် **အခု တို့နိုင်ငံမှာ ဒီမိုကရေစီလမ်းပြမြေပုံလို့ ခေါ်တဲ့ နိုင်ငံတော်က ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ချမှတ်ပြီး ပြည်သူ့အင်အားရယူ အကောင်အထည်ဖော်နေတာပေါ့။ ပထမဆုံးလုပ်ငန်းစဉ်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကျင်းပတာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီလေကွယ်။**

(ဠု) အဖျက်အမှောင့်၊ အနှောင့်အယှက်မျိုးစုံကြားက ကျင်းပခဲ့ရတာနော်။

(ဘိုး) အမျိုးသားညီလာခံဟာ **အခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေးအတွက် ကျင်းပခဲ့တာပဲ၊ အခြေခံဥပဒေကလဲ ပြည်သူတွေပိုင်စိုးတဲ့ အချုပ်အခြာအာဏာရပ်ကြီးကို ဘယ်ပုံဘယ်နည်း၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းက ပိုင်းခြားခွဲဝေ တာဝန်ယူကျင့်သုံးရမယ်ဆိုတာ စည်းမျဉ်းစည်းကမ်း ချပေးတာဖြစ်တယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကိုလဲ အခြေခံဥပဒေက တာဝန်ယူထားတယ်။ ဒါကြောင့်လဲ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေကြီးလဲဖြစ်တယ်၊ အထွတ်အထိပ်လဲဖြစ်တယ်။ အခြား ဥပဒေများပြဋ္ဌာန်းရာမှာရော၊ ဥပဒေစကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာမှာပါ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမယ်၊ အခြေခံဥပဒေနဲ့ မဆန့်ကျင်ရဘူး။ ပြည်သူတွေပိုင်စိုးတဲ့ အချုပ်အခြာဘဏ္ဍာတိုက်ကြီးလဲဖြစ်တယ်။ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူနဲ့ အစိုးရတို့အကြား ချုပ်ဆိုထားခဲ့တဲ့ စာချုပ်ကြီးလဲဖြစ်တယ်။**

(ဠု) ဒါကြောင့် လွတ်လပ်တဲ့နိုင်ငံတိုင်းမှာ အခြေခံဥပဒေကို မရှိမဖြစ်ရေးဆွဲပြဋ္ဌာန်းထားရတာပေါ့နော်။

(ဘိုး) မှန်တယ်ကွယ့်၊ **ပြည်ထောင်စုတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ထာဝရတည်တံ့ခိုင်မြဲအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းသာယာအောင်၊ ဒီမိုကရေစီနည်းကျ နိုင်ငံ့အရေးအရာတွေ ဆုံးဖြတ်ချမှတ်ဆောင်ရွက်နိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေက အတိအကျ ညွှန်ပြရမြဲဖြစ်တယ်လေ။ ဒါကြောင့် ဒီကနေ့ တို့ပြောနေကြတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံဥပဒေပေါ်ထွန်းရေးကို ကြိုးပမ်းနေကြရတာပေါ့။**

အမျိုးသားနိုင်ငံရေးမှာတော့ တစ်မျိုးသားလုံး ငြိမ်းချ
အဆင့်အတန်းမြင့်မားလာအောင် အမျိုးသားရေးအမြင်
အပေါ် ဖြောင့်ဖြောင့်တန်းတန်း တည်ဆောက်မယ်၊
နေထိုင်ဆောင်ရွက်ကြမယ်၊ အဲဒါဟာ စစ်မှန်ပြီး စည်းက
အခုစစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို အခို
အဲဒါ ပြည်ပအစွဲ၊ ပယောဂ၊ ဂိုဏ်းဂဏ၊ ဝါဒစွဲကင်းတဲ့ အ

(ဒူ) ပထမလုပ်ငန်းစဉ်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးဟာ အခက်အခဲ အနှောင့်အယှက်တွေကြားထဲက အောင်မြင်ခဲ့ပြီလို့ပြောရမှာပေါ့။

(ဘိုး) အမျိုးသားညီလာခံကျင်းပဖို့ အစိုးရက သူ့သဘောနဲ့ သူ ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး၊ အခြေခံဥပဒေ အဟောင်းနှစ်ခုဖြစ်တဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတို့ရဲ့အစား ခိုင်မာကောင်းမြတ်ပြည့်ဝစုံလင်တဲ့ အခြေခံဥပဒေရေးဆွဲဖို့ မဖြစ်မနေလုပ်ရမယ်၊ အဲဒီအတွက် နိုင်ငံတော်က တရားဝင်ရပ်တည်နေဆဲ ပါတီတွေ၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ဆောင်ရွက်မယ်ဆိုတဲ့မူချပြီး လုပ်ခဲ့တာပဲလေ။

(ဒူ) ကျွန်တော်မှတ်မိပြီ၊ ၁၉၉၂ ခုနှစ် ဇွန်လမှာ ပါတီ ၁၀ ခုက ကိုယ်စားလှယ်တွေ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ကိုယ်စားလှယ်တွေနဲ့ နိုင်ငံတော်က တာဝန်ပေးတဲ့ပုဂ္ဂိုလ်တွေ ညှိနှိုင်းခဲ့ကြတယ်။ အဲဒီတုန်းက အစိုးရကိုယ်စားလှယ် အရေအတွက်ရဲ့ နှစ်ဆလောက်တက်ရောက်ခဲ့တာ NLD ပဲ မဟုတ်လား အဘိုးရဲ့။

(ဘိုး) မှန်တာပေါ့ကွာ၊ အဲဒီညှိနှိုင်းပွဲမှာပဲ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်တွေ၊ ညီလာခံကိုကျင်းပမယ့် ပုံစံတွေ ဆွေးနွေးသဘောတူညီကြတယ်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှာ အမျိုးသားညီလာခံကြီးစတင် ကျင်းပတော့ ဒေသစုံကတိုင်းရင်းသားစုံကိုယ်စားလှယ်တွေ၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်တွေ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့တွေ၊ နိုင်ငံရေးပါတီ ၁၀ ခုက ကိုယ်စားလှယ်တွေ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေ သိုက်သိုက်ဝန်းဝန်း တက်ခဲ့ကြတယ်လေ။

(ဒူ) NLD က ဦးအောင်ရွှေတို့၊ ဦးလွင်တို့၊ ဦးသန်းထွန်းတို့၊ ဦးညွန့်ဝေတို့အပါအဝင် ရွေးချယ်ခံ ကိုယ်စားလှယ်တွေ NLD က ချည်းပဲ စုစုပေါင်း ကိုယ်စားလှယ် ၁၀၀ လောက် တက်ခဲ့ကြတာပဲ။ အခြေခံဥပဒေသစ်မှာပါဝင်ရမယ့် အခန်းလိုက်ခေါင်းစဉ် ၁၅ခုကို ချမှတ်ရာမှာ၊ နိုင်ငံတော်အခြေခံမူ ၁၀၄ ချက် ချမှတ်ရာမှာ၊ နိုင်ငံတော်ကို ဘယ်ပုံစံဖွဲ့စည်းတည်ဆောက်မယ်ဆိုတဲ့ အခန်းအတွက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ရာမှာ နိုင်ငံတော်အကြီးအကဲအခန်း၊ နိုင်ငံတော်သမ္မတဆိုင်ရာမူတွေ ချမှတ်ရာမှာ NLD ကိုယ်စားလှယ်တွေ ပါဝင်ခဲ့တာပဲ။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဖွဲ့စည်းမှုအပိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေသတ်မှတ်တဲ့အပိုင်းတွေမှာလဲ NLD ကိုယ်စားလှယ်တွေ ပါခဲ့ကြတာပဲနော်။

(ဘိုး) အဲဒီလို ကောင်းပြီ ကောင်းရဲ့နဲ့ ညီလာခံတက်နေကြချိန်မှာ ထိပ်တိုက်ရင်ဆိုင် ဆူပူမှုတွေဖန်တီးလွန်းလို့ သူ့အိမ်မှာပဲနေဖို့ ကန့်သတ်မိန့်ထုတ်ထားတဲ့ ဒေါ်စုကြည်ကို ကန့်သတ်မိန့် ရုပ်သိမ်းပေးခဲ့တယ်လေကွယ်။ အဲ-၁၉၉၅ခုနှစ် ဇူလိုင်လထင်ရဲ့၊ အဲ သိပ်မကြာပါဘူး၊ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးမစ္စစ်မယ်ဒလင်း အောဘရိုက် ရန်ကုန်ရောက်လာတယ်၊ ဒေါ်စုကြည်နဲ့တွေ့ဆုံသွားတယ်။ အောဘရိုက်လဲပြန်ရော ဒေါ်စုကြည်က နှစ်နှစ်ခွဲသုံးနှစ်နီးပါး ညီလာခံတက်လာတဲ့ NLD ညီလာခံကိုယ်စားလှယ် ၈၆ ယောက်ကို သပိတ်မှောက်ထွက်ခိုင်းတော့တာပဲ။

(ဒူ) အင်း၊ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး NLD ပေါ်လစီလို့ ဆိုရမှာပေါ့နော်။

(ဘိုး) အနောက်နိုင်ငံကြီးတစ်ခုက ကမ္ဘာအနှံ့စစ်စခန်း ၇၅၀ ကျော် ဖြန့်ကြက်ချထားပြီး စစ်အင်ပါယာ တည်ဆောက်တဲ့နေရာမှာ အမျိုးသားညီလာခံက ချမှတ်တဲ့ အခြေခံမူ ၁၀၄ချက်ထဲမှာ မြန်မာ့မြေပေါ်မှာ မည်သည့် နိုင်ငံခြားစစ်တပ်မျှ တပ်ချခြင်းမပြုရဆိုတဲ့မူပါသွားတော့ ဆွေ့ဆွေ့ခုန်သွားတယ်လေ။ တို့နိုင်ငံက လွတ်လပ်ပြီး တက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒအရ ဘယ်ပြည်ပအုပ်စုဘက်မှ မပါဘူး။ ဘက်မလိုက်အုပ်စု ၁၀၈နိုင်ငံထဲမှာလဲ တို့မြန်မာနိုင်ငံပါတယ်လေ။ နိုင်ငံခြားစစ်တပ်ဆိုတာ ဘယ်နိုင်ငံရဲ့စစ်တပ်လို့ ပုဂ္ဂလဓိဋ္ဌာန်ပြောတာမဟုတ်၊ ဘယ်နိုင်ငံက စစ်တပ်မှ နိုင်ငံတွင်းမှာ တပ်ချတပ်စွဲဖို့ ခွင့်မပြုဘူးလို့ ပြောတာ။

(ဒူ) အိုးဟိုး-ဒါ့ကြောင့်ကိုး၊ အဲဒီအချိန်ကစပြီး NLD ဟာ ပြည်တွင်းမှာ ထိပ်တိုက်ရင်ဆိုင်လုပ်ရပ်၊ ပြည်ပမျှော် ပြည်ပအားကိုးဝါဒ၊ မြန်မာနိုင်ငံကို ပိတ်ဆို့စေတဲ့ လုပ်ရပ်တွေနဲ့ညီလာခံကို ဖျက်ဆီးဖို့ လုပ်လာတာကြောင့် ညီလာခံကြီး ခေတ္တရပ်နားခဲ့ရတယ်။ ဒါပေမယ့် ၂၀၀၄ခုနှစ် မေလမှာ ပြန်လည်ကျင်းပခဲ့ပြီး အခုဆိုရင် ပြီးစီးအောင်မြင်ခဲ့ပြီလေ။ ဒါတင်မက အဲဒီ အမျိုးသားညီလာခံက တညီတညွတ်တည်း ချမှတ်ခဲ့တဲ့ အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေနဲ့အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အောင်မြင်စွာ ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီးဖြစ်တယ်လေ အဘိုးရဲ့။

(ဘိုး) မင်္ဂလာအရှိဆုံးသတင်းပါပဲကွယ်၊ ခုနကစကားဆက်ရရင် ၂၀၀၄ခုနှစ် မေလမှာ အမျိုးသားညီလာခံကျင်းပတဲ့အခါ ညီလာခံကိုယ်စားလှယ်တွေအားဖြည့်ထားတယ်လေ။ ၁၉၉၃ခုနှစ် ကိုယ်စားလှယ် ၇၀၂ ယောက်၊ ၂၀၀၄ မှာ ကိုယ်စားလှယ် ၁၀၈၈ ယောက်အထိ တိုးဖြည့်ထားတယ်။ NLD က ပြန်တက်ချင်တယ်ဆိုလို့ ညီလာခံကျင်းပရေးကော်မရှင်က လက်ခံလိုက်လျော့ပြီး ဖိတ်စာ ပို့ပေးတယ်။ အဲဒါ ဘာရမှ ညာရမှ တက်မယ်။ မရရင် မတက်ဘူးလို့ လုပ်လာခဲ့သေးတယ်။ နောက်ဆုံးတော့ မတက်တော့ဘူးလို့ NLD က ဒေါ်စုကြည်အလိုကျ ဆုံးဖြတ်ပြီး နေရစ်ခဲ့ကြတယ်။ ညီလာခံကြီးကတော့ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှာ အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့တယ်။ ဒီကြား

ဒီမိုကရေစီဆိုတာ လူတစ်ဦး၊ လူတစ်စု၊ ပါတီအဖွဲ့အစည်းတစ်ခု အကျိုးအတွက် ဥပဒေမဲ့၊ စည်းကမ်းမဲ့ ထိပ်တိုက်ရင်ဆိုင်တာမျိုး၊ ဆူပူတာမျိုး မဟုတ်ဘူးကွယ့်၊ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားကို ပြည်သူအများစုကြီးရဲ့ဆန္ဒ၊ ပြည်သူအများစုကြီးရဲ့ အဆုံးအဖြတ်နဲ့ အကောင်အထည်ဖော်ခွင့်ကို ဆိုလိုတာကွယ့်၊ နိုင်ငံတစ်ခုမှာ ပြည်သူတွေ လိုလားတဲ့ ငြိမ်းချမ်းသာယာမှုရရှိနေမယ်၊ ဖွံ့ဖြိုးတိုးတက်မှုတွေ တည်ထောင် အောင်မြင်နေမယ် ဆိုရင် ပြည်သူတွေရဲ့ ဒီမိုကရေစီအောင်မြင်တာပဲ ဖြစ်တယ်။

ထဲမှာ ညီလာခံပျက်ရာပျက်ကြောင်း NLD၊ အနောက်အုပ်စုနဲ့ ပြည်ပြေးတွေကြံစည်အားထုတ်ခဲ့တာကလဲ ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလိုပဲဟေ့။

(ဒူ) သူတို့က ဒီမိုကရေစီစကားတွင်တွင်ပြောပြီး ဒီမိုကရေစီဆန်ဆန်မှ မလုပ်နိုင်ကြဘဲ။ **ညီလာခံ ကိုယ်စားလှယ်အများစု ဆုံးဖြတ်ချမှတ်တဲ့ အခြေခံမူတွေကို သူတို့လဲ လေးစားလက်ခံရမယ်။ ညီလာခံက အများဆန္ဒနဲ့အညီ တညီတညွတ်တည်းချမှတ်ခဲ့တဲ့ မူတွေနဲ့အညီရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရမယ်။ အခြေခံဥပဒေအရ ကျင်းပမယ့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး ပြည်သူလူထုရဲ့ အဆုံးအဖြတ် ဆန္ဒမဲကို ခံယူသင့်တယ်။ ပြည်သူကိုယုံရင်၊ ဒီမိုကရေစီအစစ်အမှန်ကိုယုံရင် ရွေးကောက်ပွဲ ယှဉ်ပြိုင်ဖို့ကလွဲလို့ တခြားဆူပူတာ၊ ထိပ်တိုက်ရင်ဆိုင်တာ၊ ပြည်ပနဲ့ ပေါင်းပြီး ပြည်တွင်းမှာ တိုက်ကွက်ဆင်တာမျိုး မလုပ်သင့်တော့ဘူးနော် အဘိုး။**

(ဘိုး) **ဒီမိုကရေစီဆိုတာ လူတစ်ဦး၊ လူတစ်စု၊ ပါတီအဖွဲ့အစည်းတစ်ခု အကျိုးအတွက် ဥပဒေမဲ့၊ စည်းကမ်းမဲ့ ထိပ်တိုက်ရင်ဆိုင်တာမျိုး၊ ဆူပူတာမျိုး မဟုတ်ဘူးကွယ့်၊ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားကို ပြည်သူအများစုကြီးရဲ့ဆန္ဒ၊ ပြည်သူအများစုကြီးရဲ့ အဆုံးအဖြတ်နဲ့ အကောင်အထည်ဖော်ခွင့်ကို ဆိုလိုတာကွယ့်၊ နိုင်ငံတစ်ခုမှာ ပြည်သူတွေလိုလားတဲ့ ငြိမ်းချမ်းသာယာမှုရရှိနေမယ်၊ ဖွံ့ဖြိုးတိုးတက်မှုတွေ တည်ထောင်အောင်မြင်နေမယ်ဆိုရင် ပြည်သူတွေရဲ့ ဒီမိုကရေစီအောင်မြင်တာပဲဖြစ်တယ်။ ဒီလို ငြိမ်းချမ်းဖွံ့ဖြိုးနေတဲ့ နိုင်ငံတစ်ခုကို ပြည်ပနိုင်ငံတစ်ခုကဖြစ်စေ၊ တစ်ခုထက်ပိုလို့ဖြစ်စေ မကြိုက်ရုံနဲ့ အဲဒီနိုင်ငံကို ပိတ်ဆို့နှောင့်ယှက်ဖို့ အခွင့်မရှိဘူး၊ အဲဒီလိုလုပ်တာဟာ သူတစ်ပါးနိုင်ငံရဲ့ ပြည်တွင်းရေးကို ကျူးကျော်စွက်ဖက်တာပဲ၊ ဒါဟာ နိုင်ငံတကာဆက်ဆံရေးကျင့်ဝတ်ကို ရိုင်းပျစွာ ချိုးဖျက်တာပဲကွယ့်၊ ပါးစပ်ကပြောတော့ ဒီမိုကရေစီ လုပ်လိုက်ကျတော့ ငါမိုကရေစီတွေလို့ပဲ ဆိုရတော့မှာပေါ့။**

(ဒူ) အနောက်က ဒီမိုကရေစီရဲ့ အနက်အဓိပ္ပာယ်ကို အနောက်ကပဲ ဝေဖန်တတ်တယ်လေ အဘိုးရဲ့၊ ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီး ဂျော့ဘားနပ်ရှောက ဘယ်လိုပြောသလဲဆိုတော့ Democracy is the election by the Ignorance by the corrupted few တဲ့၊ ဒီမိုကရေစီဆိုတာဟာ ဘာမှ မသိနားမလည်တဲ့သူတွေ (ဝေလေလေ မဲဆန္ဒရှင်တွေ)က ကိုယ်ကျိုးရှာ အကျင့်ပျက်နေတဲ့ လူနည်းစုတစ်ခုအတွက် ရွေးကောက်ပွဲမှာ မဲပေးရွေးပြီး အာဏာအပ်ခြင်းကို ခေါ်သည်လို့ ဘားနပ်ရှောက သရော်ခဲ့တယ်။ အမှန်ကတော့ Democracy of the people, for the people by the people ပြည်သူလူထုဒီမိုကရေစီဆိုတာ ပြည်သူလူထုက ပြည်သူလူထုအတွက် ဆုံးဖြတ်ဖော်ဆောင်ခြင်းရယ်လို့ ဖြစ်တယ်။ အခုတော့ ဘားနပ်ရှောပြောတဲ့ သရုပ်ပျက်ဒီမိုကရေစီကို ကုန်းအော်နေကြတာပဲ အဘိုးရဲ့။ ပုစဉ်းရင်ကွဲကောင်တွေလို သရုပ်မမှန်တဲ့ ဒီမိုကရေစီအတုကို မပြတ် မရပ် မနားတမ်း တအားအော်ရင်း ရင်ကွဲကုန်ကြမှာပဲ။ ကျွန်တော်တို့ ပြည်သူတွေကတော့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို ဆက်လက်ပုံဖော် ကျင့်သုံးသွားမှာပဲ။ အချိန်တန်ရင်တော့ ပုစဉ်းရင်ကွဲတွေ အမှိုက်ပုံးထဲ ရောက်သွားမှာပေါ့။

(ဘိုး) ဟုတ်ပါ့မလား မောင်ကာဋ္ဌုရဲ့။

(ဒူ) ဒါ့ထက်တောင်ပိုသေး။ ။

...တော့ တစ်မျိုးသားလုံး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင်၊ လူနေမှု ...အောင် အမျိုးသားရေးအမြင်နဲ့၊ အမျိုးသားအကျိုးစီးပွားကို အမျိုးသားဆန္ဒ ...တန်း တည်ဆောက်မယ်၊ အဲဒီလိုတည်ဆောက်တဲ့အခါ စည်းကမ်းတကျ ...အဲဒါဟာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ၊ တို့မြန်မာနိုင်ငံဟာ ...ပြည့်ဝတဲ့ ဒီမိုကရေစီကို အခိုင်အမာထူထောင်ဖို့ အုတ်မြစ် ခိုင်ခိုင်ချနေပြီပဲ၊ ...ကျားဂဏာ၊ ဝါဒစွဲကင်းတဲ့ အမျိုးသားနိုင်ငံရေးရဲ့ သဘောလက္ခဏာပဲကွယ့်။

■ *ကျောဖုံးမှ*

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက အမှာစကားပြောကြားရာတွင် မအူပင်–ကျိုက်လတ်–ဖျာပုံလမ်းသည် မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဖျာပုံမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် ဧရာဝတီတိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းမိုင်ပေါင်း မိုင် ၁၃၄၀၊ ၅ ဖာလုံကို ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်ကထက် လမ်းမိုင်ပေါင်း ၉၀၀၊ ၅ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တည်ငြိမ်အေးချမ်း

နိုင်ငံတော်က ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၏ အဓိကအကြောင်းတရားသည်နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများကြောင့်ဖြစ်ကြောင်း။

မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့သည် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် ပင်လယ်ထွက်ကုန်ပစ္စည်းများ အများအပြားထုတ်လုပ်သည့် ဒေသများဖြစ်ကြောင်း၊ ပြည်တွင်းသာမက ပြည်ပကိုပါ တင်ပို့နိုင်သော ဒေသများဖြစ်သည့်အတွက် နိုင်ငံခြားဝင်ငွေ ရရှိစေရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက် ရှိကြောင်း၊ ယခင်က ဖျာပုံမြို့နှင့် ကျိုက်လတ်မြို့ကို ရေလမ်းခရီးဖြင့် အချိန် နှစ်နာရီ သွားလာခဲ့ရာမှ ယခုဆိုလျှင် ကားလမ်းခရီးဖြင့် မိနစ် ၂၀ ခန့်ဖြင့်လည်းကောင်း၊ ယခင်က ဖျာပုံမြို့နှင့် မအူပင်မြို့ကို ရေလမ်းခရီးဖြင့် အချိန် ခြောက်နာရီ သွားလာခဲ့ရာမှ ယခုဆိုလျှင် ကားလမ်းခရီးဖြင့် အချိန်တစ်နာရီခန့်ဖြင့်လည်းကောင်း၊ ယခင်က မအူပင်နှင့် ကျိုက်လတ်ကို ရေလမ်းခရီးဖြင့် သုံးနာရီကျော်သွားလာခဲ့ရာမှ ယခုဆိုလျှင် ကားလမ်းခရီးဖြင့် အချိန် ၄၅ မိနစ်ဖြင့်လည်းကောင်း အချိန်ကုန်သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း။

ကုန်စည်စီးဆင်းမှု

ရန်ကုန်မြို့နှင့်လည်း အချိန်မရွေး အလွယ်တကူ လျင်မြန်စွာသွားလာနိုင်သည့်အတွက် ကုန်စည်စီးဆင်းမှုများ လျင်မြန်လာသော အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ မျက်မြင်လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ဒေသခံပြည်သူများအနေဖြင့် မိမိတို့ ဒေသအတွင်း တည်ဆောက်ပေးထားသည့် လမ်းများ၊ တံတားများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် အမျိုးသားနိုင်ငံရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ပြားစေမည့် ပြည်တွင်း ပြည်ပ အဖျက်ရန်များကိုလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေး အသိများဖြင့် ကာကွယ်တွန်းလှန်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လမ်းသစ်ဖောက်လုပ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်းအင်္ဂါရပ်နှင့်အညီ ကတ္တရာလမ်းခင်းပေးသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မအူပင်–ကျိုက်လတ်–ဖျာပုံလမ်းကို ၁၉၉၆–၁၉၉၇ ခုနှစ်မှစ၍ မြေသားလမ်းအဆင့်မှ ကျောက်လမ်းအဆင့်သို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအနေဖြင့် စတင်တိုးမြှင့်ခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ခဲ့ရာ ယနေ့တွင် ကတ္တရာလမ်းသစ်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မအူပင်တံတားမှ ယခုအခမ်းအနားကျင်းပသည့် မဏ္ဍပ်အထိ လမ်းအရှည် ၅ မိုင် ၁ ဖာလုံ အရှည်ရှိရာ မအူပင်တံတား တည်ဆောက်ပြီးစီးမှုနှင့် တစ်ဆက်တည်း လမ်းသစ်အဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၀၆ ခုနှစ်ကို လမ်းနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး လမ်းများ စတင်တည်ဆောက် ဖွင့်လှစ်ပေးခဲ့ရာတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆိုလျှင် လမ်းမိုင်ပေါင်း ၅၅၅၉/၆ ရှိသွားပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ပြောရလျှင် ဤမအူပင်–ကျိုက်လတ်–ဖျာပုံလမ်း အပါအဝင် လမ်းမိုင်ပေါင်း ၁၃၄၀/၅ မိုင် အထိရှိလာပြီး ကတ္တရာလမ်းအနေဖြင့် ၅၂၉/၃ မိုင်အထိ ရှိပြီဖြစ်ကြောင်း။

အဆင့်မြှင့်ဆောင်ရွက်

မြေလမ်းမှကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် တဖြည်းဖြည်း အဆင့်မြှင့်ဆောင်ရွက်ခဲ့၍ ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်း၊ ပုသိမ်–မြောင်းမြလမ်း၊ ပန်းတနော်–ရွှေလောင်း–ဝါးခယ်မလမ်း၊ ကြိမ်ပင်ဆည်–စကြေ့–ခနော်ဖြူ–ဇလွန်–ဟင်္သာတလမ်းတို့ကိုလည်း ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးလျက် ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က မုခ်ဦးအမှတ်(၁)နေရာ၌ မင်္ဂလာအချိန်တွင် မအူပင်–ကျိုက်လတ်–ဖျာပုံ ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပရိသတ်တို့နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက မအူပင်–ကျိုက်လတ်–ဖျာပုံ ကတ္တရာလမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မုခ်ဦးအမှတ်(၄) နေရာ၌လည်းကောင်း၊ မုခ်ဦးအမှတ်(၆)နေရာ၌လည်းကောင်း မအူပင်–ကျိုက်လတ်–ဖျာပုံလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မအူပင်–ကျိုက်လတ်–ဖျာပုံလမ်းသည် မအူပင်မြို့မှ ဖျာပုံမြို့အထိ မိုင် ၄၀ ကို ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်ထားပြီး လမ်းအကျယ်မှာ ၂၂ ပေရှိသည်။

ပိုမိုကောင်းမွန်

အဆိုပါ လမ်းဖွင့်လှစ်ပေးသည့်အတွက် လမ်းအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သည့် မင်းဘကျေးရွာ၊ သာလန်းကြီးကျေးရွာ၊ ကျုံစုတ်ကျေးရွာ၊ ဆူးဂဏန်းကျေးရွာ၊ တပေတမော့ကျေးရွာ အစရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများအတွက် သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများလည်း ယခင်ကထက် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ရန်ကုန်တိုင်းမှ ဧရာဝတီတိုင်းသို့ ဆက်သွယ်သွားလာလိုလျှင် ယခင်က ရေလမ်းကြောင်း တစ်ခုတည်းသာ အားကိုးသွားလာခဲ့ရပြီး ယခုဆိုလျှင် ကုန်းလမ်းခရီးဖြင့် အဓိကလမ်းနှစ်လမ်းဖြစ်သည့် လှိုင်သာယာ အမှတ်(၅) လမ်းဆုံမှ တွံတေး–ကော့မှူး–ကွမ်းခြံကုန်း–ဒေးဒရဲ–ဖျာပုံမြို့တို့သို့ လည်းကောင်း၊ ရန်ကုန်–ပုသိမ်လမ်းအတိုင်း ဆားမလောက်–မအူပင်–ကျိုက်လတ်မှ ဖျာပုံမြို့သို့လည်းကောင်း အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

သတင်းအချက်အလက် နည်းပညာ (IT)ကို အသုံးပြုကာ ရောင်းဝယ်ဖောက်ကားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုအခြေအနေနှင့် ယခင်က ကုန်တင်ကားကြီးများ လုပ်ငန်းလိုင်စင်ပြုလုပ်ရာတွင် အချိန်ကြန့်ကြာမှုများကို ယခုအခါ Boder Trade Online System (BTOS)ဖြင့် အချိန်တိုအတွင်း လုပ်ငန်းများ မြန်ဆန်ပြီးစီးနိုင်မှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ရှောင်ကွင်း၍ ကုန်ပစ္စည်းများ ပို့ဆောင်နေမှုများကို ထိန်းချုပ် တားဆီးကြရန်၊ ကုန်သွယ်မှုပမာဏတိုးတက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် One Stop Services (OSS) ပူးပေါင်းအဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်ကြရန်၊ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရာတွင် မိမိတိုင်းရင်းသား ကုန်သည်များ၏ အကျိုးစီးပွားအလို့ငှာ Internet Websiteမှနေ၍ တစ်ဖက်နိုင်ငံများ၏ ဈေးကွက်အခြေအနေ၊ ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဝယ်လိုအား၊ ရောင်းလိုအားတို့ကို ချိတ်ဆက်ပေးရန်နှင့် သတင်းအချက်အလက် နည်းပညာဖြင့် ကျယ်ပြန့်သော ဈေးကွက်ဖြစ်စေရန် သက်ဆိုင်ရာဌာနများက စေတနာထား ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ရာနှုန်းပြည့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် မူဆယ် (၁၀၅)မိုင်စခန်းသည် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အများဆုံးတင်ပို့နေသော စခန်းဖြစ်ရာ နိုင်ငံတော်အတွက်ရော တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်ပါ စေတနာထား လုပ်ကိုင်ကြရန်၊ နယ်စပ်ကုန်သွယ်ရေး၏ ရည်ရွယ်ချက်များနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်စေရန်၊ ကုန်သွယ်မှုပမာဏ တိုးတက်စေရန်၊ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန်၊ ထိုက်သင့်သော အကျိုးအမြတ်ရရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မူဆယ် (၁၀၅)မိုင်ဂိတ်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မန်ဟီးရိုးမြို့သို့ ရောက်ရှိကြ၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့မိမြို့ဖများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ပံ့ပိုးပစ္စည်းများနှင့် မီးသတ်ဝတ်စုံများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မန်ဟီးရိုးမြို့ တိုက်နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားပြီး လူနာတစ်ဦးချင်းအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန်ဟီးရိုးမြို့ နောင်တုန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးမိုင်ငင်းအိုက်၏ တစ်ဧကတင်း ၁၀၀ ထွက်ရှိသည့် ဆောင်းသီးနှံ အစေ့ထုတ်ပြောင်း စံပြငါးဧကစိုက်ခင်းကို လည်းကောင်း၊ မန်ဟီးရိုးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း၊ မန်ဟီးရိုးမြို့ နောင်ခေါင်နှင့် နောင်တင် မြစ်ရေတင်လုပ်ငန်းစီမံကိန်း၏ ရေသွင်းမြောင်း တူးဖော်ပြီးစီးမှုအခြေအနေများ၊ ဖြစ်ထွန်းအောင်မြင်နေသော ဆောင်းသီးနှံ အစေ့ထုတ်ပြောင်း စိုက်ခင်းများ၊ မုန်ညင်းနှင့် ဆီမုန်ညင်းစိုက်ခင်းများ၊ ဖရုံစိုက်ခင်းများနှင့် မန်ဟီးရိုးမြို့၏ လမ်းများဖောက်လုပ် ပြီးစီးမှုအခြေအနေများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha လာရောက်တွေ့ဆုံစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်အသင်း ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha က ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံ၌ ကလေးများနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည်များကို ညှိနှိုင်းဆွေးနွေးရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပြောကြားကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေးမျက်နှာ အထကနှင့် အလက ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်း လေးမျက်နှာမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို လေးမျက်နှာ အထကခန်းမ၌ ဧပြီ ၁၉ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ တပည့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်ဝေ ဖုန်း–၀၁–၆၈၉၅၇၅၊ ဦးသိန်းဝင်း(အဝေရာ) ပုသိမ်မြို့ ဖုန်း–၀၉–၅၂၀၀၄၅၀၊ ဦးထွန်းအောင်(ဟင်္သာတ) ဖုန်း–၀၄၄–၂၁၄၈၀၊ ဦးခွန်မောင်သောင်း(ပင်လောင်း) ဖုန်း–၀၈၁–၅၀၄၄၁၊ ဦးတင်ဝင်း၊ ဦးကြိုင်ဝင်း လေးမျက်နှာမြို့ ဖုန်း–၀၄၄–၂၂၂၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဆွဲကြိုးဖြတ်ပြေးသူတရားခံ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက်၌ ဖေဖော်ဝါရီ ၂၃ ရက် ညက ဆွဲကြိုးဖြတ်ပြေးသူ တရားခံ တစ်ဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့ပူးပေါင်းပြီး ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

စစ်ဆေး

ဖေဖော်ဝါရီ ၂၃ ရက် ည ၉ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈ လမ်းနေ ဒေါ်ခင်မိုးမိုးသည် အနော်ရထာလမ်းအတိုင်း လမ်းလျှောက်လာစဉ် ဝန်ကြီးများရုံးဘေးအရောက် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးက ဒေါ်ခင်မိုးမိုး၏ လည်ပင်း၌ ဆွဲထားသော အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ အမ်စီရွှေဆွဲကြိုးနှင့် ဆွဲပြားကို ဆွဲယူဖြတ်ပြေးခဲ့ကြောင်း၊ ဒေါ်ခင်မိုးမိုးက အော်ဟစ် အကူအညီတောင်းခံရာ လှည့်ကင်းတာဝန် ဆောင်ရွက်နေသော ဗိုလ်တထောင်ရဲစခန်းမှ ဒုရဲအုပ်စိုးဝင်းနှင့်အဖွဲ့က အနီးရှိ ပြည်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် ၄၆ လမ်းအနီး၌ ဆွဲကြိုးဖြတ်ပြေးသူ စည်သူ (၂၃)နှစ်၊ သံဆန်ခါလုပ်ငန်း (ဘ) ဦးညွန့်မောင် အမှတ် ၃၁၇၊ ပဲခူးလမ်း (၂၃)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူအား သက်သေခံပစ္စည်းနှင့်တကွ ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံ စည်သူအား ဗိုလ်တထောင်ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်မှ မကျန်ရစ်အောင် အမျိုးသားရေးသတိဖြင့် အစဉ်မပြတ်အားထုတ်ကြိုးပမ်း

ဒေသဖွံ့ဖြိုးရေး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရင်း ကျောင်းနှင့်ရပ်ရွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အခြေခံပညာဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူး မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာနှင့်အဝန်း သိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများအပါအဝင် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များသည် အလွန်လျင်မြန်သည့် အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေ အချိန်အခါမျိုးတွင် မိမိတို့နိုင်ငံကို နိုင်ငံတကာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်များမှ ကွင်းကျန်မနေရစ်စေရအောင်နှင့် နိုင်ငံတကာပြောင်းလဲမှုများ၏ မလိုလားအပ်သည့်အကျိုးဆက်များကြောင့် မိမိနိုင်ငံ မိမိလူမျိုးအတွက် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရအောင် မပြတ်သော အမျိုးသားရေးသတိနှင့် အစဉ်မပြတ်အားထုတ်ကြိုးပမ်းဆောင်ရွက်နေရမည့် အခြေအနေအချိန်အခါလည်းဖြစ်ကြောင်း။

ယခုကဲ့သို့အခြေအနေအခါမျိုး၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်စေရအောင်နှင့် နိုင်ငံတော်၏ အနာဂတ်အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်တည်နေစေရအောင် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေမှုသည်လည်း ပဓာနကျသောလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့လူဘောင်အဖွဲ့အစည်းများကို နည်းပညာအခြေခံသော၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ပညာရေးကဏ္ဍကို ရည်မှန်းချက်ရှိရှိဖြင့် အမျိုးသားပညာရည်မြင့်မားရေး၊ နှစ်တို၊နှစ်ရှည်စီမံကိန်းများရေးဆွဲချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားရေး၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး အစီအမံများကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှုအခွင့်အလမ်း ညီမျှစွာရရှိစေရန် အဆင့်မြင့်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်သင်ယူနိုင်သည့် အခြေခံများ ဖြစ်ထွန်းလာစေရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးပတ်ဝန်းကျင်ကောင်းများဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ အခြေခံကောင်းများဖြစ်ထွန်းလာစေရေးအတွက်လည်း အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်သော သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

မျှမျှတတဖြစ်ပေါ်

ထို့ကြောင့် သင်ကြားမှုနယ်ပယ်၌ အီလက်ထရွန်နစ်နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားပြီး မြို့ပြနှင့်ကျေးလက်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ မျှမျှတတဖြစ်ပေါ်လျက်ရှိနေပြီဖြစ်ကြောင်း။

အထူးသဖြင့် ကျေးလက်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာဆရာ ဆရာမများ၏အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးကြောင်း၊ ဆရာ ဆရာမများအားလုံး ကျေးလက်နေပြည်သူများ ပညာတတ်မြောက်အောင် အဆင့်မြင့်ပညာရပ်များကို အရည်အသွေးပြည့်ပြည့်ဝဝဖြင့် ဆက်လက်သင်ယူဆည်းပူးနိုင်မည့်ပညာရပ်ဆိုင်ရာ အခြေခံကောင်းများဖြစ်ထွန်းလာအောင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရင်း မိမိကျောင်းနှင့် ရပ်ရွာဆက်စပ်ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာများမည်မျှပင်တတ်မြောက်ပါစေ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ် မရှိခဲ့ပါလျှင် တိုင်းတစ်ပါးကိုမှီခိုပြီး မိမိတိုင်းပြည်နစ်မွန်းအောင်၊ ပြည်ထောင်စုပြိုကွဲအောင်၊ ပြည်သူများနစ်နာအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်တတ်သောသာဓကများလည်း ယနေ့မျက်မြင်ဒိဋ္ဌ တွေ့ရှိနိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားများအပေါ်၌ အခိုင်အမာတည်ဆောက်ထားသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးကို အမျိုးသားရည်မှန်းချက်အဖြစ်ခံယူကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နယ်စပ်ဒေသများအပါအဝင် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး ကွာဟမှုနည်းနိုင်သမျှနည်းရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးအစီအမံများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သည့် ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ်ထွန်းလာစေရအောင် တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာ ရှင်သန်ဖြစ်ထွန်း နေစေရအောင် ပညာရေးကဏ္ဍက ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆုများချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသားစံပြဆုရ ဧရာဝတီတိုင်း ဇလွန်မြို့နယ် မေရီလန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာ ကသအမှတ်(F-၁၄၇)ဦးတင့်လွင်ဦး၊ သင်တန်းသူစံပြဆုရ တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ်(D-၂၁)ဒေါ်သွယ်သွယ်ရှိန်**(အပေါ်ပုံ)**၊ သင်တန်းသားဖွဲ့လုံ့လဆုရ ဧရာဝတီတိုင်း ဇလွန်မြို့နယ် ပေကုန်းအခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းကျောင်းအုပ် ကသအမှတ်(F-၂၀၇)ဦးသိန်းဝေ၊ သင်တန်းသူ ဖွဲ့လုံ့လဆု(၁)ရ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ်(A-၄၇)ဒေါ်တင်လှိုင်၊ သင်တန်းသူဖွဲ့လုံ့လဆု(၂)ရ ပဲခူးတိုင်း နတ်တလင်းမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ မူလတန်းပြဆရာမ ကသအမှတ်(C-၂၆၅)ဒေါ်ရီရီနွဲ့တို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင်(၁၁)နှင့် အမျိုးသမီးတပ်ခွဲ(၄) ပင်မအဆောင်(၄)တို့ ကိုယ်စား အဆောင်ခေါင်းဆောင်များအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၄၀၊ သင်တန်းသူ ၁၂၅၉ ဦး စုစုပေါင်း ၁၄၉၉ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာကျေးရွာ အောင်သုခလမ်း အိမ်အမှတ် ၂၁၆၌ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီခွဲခန့်တွင် မီးဖိုမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး နံနက် ၉နာရီ မိနစ်၄၀တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၂၀၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၇၆၅စုမှ လူပေါင်း ၂၉၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ မီးဘေးသင့်သူများအား လှိုင်သာယာမြို့နယ် အမှတ်(၁၆) အခြေခံပညာ မူလတန်းကျောင်း၊ သီဟနာဒဘုန်းကြီးကျောင်းနှင့် ရွှေပြည်သာဈေး (ဈေးရုံ)တို့၌ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(အောက်ပုံ-၁၂၈) (သတင်းစဉ်)

မန္တလေး ချမ်းအေးသာစံမြို့နယ် အဆင့်မြင့်ရတနာပုံဈေး မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃ x ၃၄ လမ်းကြား၊ ၇၇ x ၇၈ လမ်းကြားရှိ အဆင့်မြင့်ရတနာပုံဈေး မြေညီထပ်ဆိုင်ခန်း(ဃ)ဆောင် အမှတ် ၂၆၁၃၌ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈နာရီ မိနစ် ၂၀ခန့်တွင် လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

ကူညီဆောင်ရွက်

မီးစတင်လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကား ၇၈ စီး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူလူထုအင်အား စုစုပေါင်းလေးထောင်ခန့်တို့ ရောက်ရှိပြီး ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ကာ ည ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မြေညီထပ်ရှိဆိုင်ခန်း ၁၂၉၃ ခန်း၊ ပထမထပ်ရှိဆိုင်ခန်း ၁၃၅ခန်း၊ ဒုတိယထပ်ရှိ အသင်းအဖွဲ့ရုံးခန်းနှင့် ကုမ္ပဏီရုံးခန်း ၁၇ ခန်း၊ တတိယထပ်ရှိ အမ်အိုင်စီတီပတ်ခ်မှ ၅၄ ခန်း၊ စတုတ္ထထပ်ရှိ ကွန်ပျူတာသင်တန်းမှ ၅၉ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သံဃာလေးပါး၊ မီးသတ်ဝန်ထမ်း၁၁ဦး၊ အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၂၁ ဦး ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သတိပြုရေး မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယခုတလော မီးလောင်မှုဖြစ်ပွားခြင်းများမှာ မီးဖိုမီးကြွင်းမီးကျန်များမှတစ်ဆင့် လည်းကောင်း၊ လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့် လည်းကောင်း စတင်လောင်ကျွမ်းရကြောင်း တွေ့ရှိရသဖြင့် အများပြည်သူတို့အနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်သွားကြရန်၊ ဖယောင်းတိုင်မီးဖြင့် ကားဓာတ်ဆီဖြည့်ခြင်း၊ မီးစက် ဆီဖြည့်ခြင်း၊ ဖယောင်းတိုင်နှင့် ခြင်ဆေးခွေများကို ပေါ့ဆစွာ မီးထွန်းညှိထားရှိခြင်း၊ မီးကြွင်းမီးကျန်များ မီးဖိုတွင်ငြိမ်းသတ်မှုမရှိခြင်း စသည်တို့ ရှောင်ကြဉ်ကြရန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ မီးဘေးသတိပေးချက်များ မပြတ်ထုတ်လွှင့်ပေးလျက်ရှိရာ မီးဘေးရှောင် မလောင်ခင်တားဆိုသည့် ဆောင်ပုဒ်နှင့်အညီ မီးကိုစနစ်တကျ သုံးစွဲကြရန် မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

၂၀၀၈ခုနှစ် အော်စကာရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်

No Country For Old Men ဇာတ်ကား ဆုလေးဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၅

အကြိမ်(၈၀)မြောက် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၄ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ်ကဇာတ်ရုံကြီးမှာကျင်းပခဲ့ပါတယ်။ ဒီအော်စကာရုပ်ရှင်ထူးချွန်ဆုဟာ ဟောလီးဝုဒ်ကချီးမြှင့်တဲ့ ထူးချွန်ဆုဖြစ်ပါတယ်။

၂၀၀၈ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုပေးပွဲသို့ ဆုဆွတ်ခူးရရှိဖို့ ပဏာမစာရင်းထွက်နေတဲ့ ရုပ်ရှင်ကားထုတ်လုပ်သူတွေ၊ ရုပ်ရှင်သရုပ်ဆောင် မင်းသားမင်းသမီးတွေ၊ ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်တွေ အများအပြား တက်ရောက်ခဲ့ကြပါတယ်။

အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု

၂၀၀၈ခုနှစ် အော်စကာဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကိုတော့ ပြင်သစ်ရုပ်ရှင်မင်းသမီးချော မာရီယွန်ကော့တီလ်လတ်ဒ်က ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မာရီယွန်ဟာ La Vie en Rose ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူဟာ ဒီဇာတ်ကားမှာ ပြင်သစ် အဆိုတော်တစ်ဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။

အသက် ၃၂နှစ်သာရှိတဲ့ မာရီယွန်ဟာ ဒီဇာတ်ကားမှာ ပြင်သစ်အဆိုတော်အဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့လို့ ဒီနှစ်အတွက်အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အမျိုးသားဇာတ်ပို့ဆု

၂၀၀၈ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆု အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုကို သရုပ်ဆောင် ဂျာဗီယာ ဘာဒမ်းက No Country For Old Men ဇာတ်ကားနဲ့ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားဟာ ၁၉၈၀ပြည့် လွန် နှစ်များက တက္ကဆက်ပြည်နယ်မှာ မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ရည်ရွယ်ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်ပါသည်။

ဘာဒမ်းဟာ ဒီဇာတ်ကားမှာ တော်မီလီဂျုံးစ်၊ ဘရိုလင်း၊ ကယ်လီမက်ဒိုနယ်တို့နဲ့အတူ တွဲဖက်သရုပ်ဆောင်ထားပါတယ်။ အသက်၃၈ နှစ်ရှိပြီဖြစ်တဲ့ ဘာဒမ်းဟာ ယခင်က အော်စကာဆုတစ်ကြိမ်မျှ ဆွတ်ခူးခဲ့ခြင်းမရှိပါဘူး၊ ဒီဆုဟာ သူ့ရဲ့ ပထမဆုံး အော်စကာဆုဖြစ်ပါတယ်။

အမျိုးသမီးဇာတ်ပို့ဆု

၂၀၀၈ ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးခဲ့သူကတော့ သီဒါဆဝင်တန် ဖြစ်ပါတယ်။ သူဟာ ဒါရိုက်တာတိုနီဂါလ်ရှိုင်ရိုက်ကူးတဲ့ Michael Clayton ဇာတ်ကားနဲ့ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သီဒါဆဝင်တန်ဟာ ဒီဇာတ်ကားမှာ ရှေ့နေတစ်ဦးအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့လို့ ဒီနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အသက် ၄၇နှစ်ရှိပြီဖြစ်တဲ့ သီဒါဆဝင်တန်ဟာ ယခင်က အော်စကာ ထူးချွန်ဆုတစ်ကြိမ်မျှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဒီဆုဟာ ပထမဆုံးရရှိခဲ့ခြင်းဖြစ်ပါတယ်။

အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရ ဒန်နီရယ်ဒေးလီဝစ်အား အော်စကာရုပ်ရှင် ထူးချွန်ဆုနှင့်အတူ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုရ မာရီယွန်ကော့တီလ်လတ်ဒ်အား အော်စကာ ရုပ်ရှင် ထူးချွန်ဆုနှင့်အတူ ပျော်ရွှင်မြူးထူးလျက်။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုရ ဂျာဗီယာဘာဒမ်းအား အော်စကာရုပ်ရှင်ထူးချွန်ဆုနှင့်အတူ ဤသို့။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရ သီဒါဆဝင်တန်အား အော်စကာ ရုပ်ရှင်ထူးချွန်ဆုနှင့် တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆု

အကြိမ်(၈၀)မြောက် အော်စကာဆုချီးမြှင့်ပွဲမှာ ရုပ်ရှင်သရုပ်ဆောင် ဒေးလီဝစ်ဟာ There Will Be Blood ကားနဲ့ အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုကို ရရှိခဲ့ပါတယ်။ သူ့ရဲ့ အဲဒီကားထဲမှာ သရုပ်ဆောင်အရည်အသွေးဟာ အံ့မခန်းအောင် တောက်ပြောင်ခဲ့လို့လဲ အကောင်းဆုံး ရုပ်ရှင် သရုပ်ဆောင်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။

နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင် ဒေးလီဝစ်ကို The Queen ကားနဲ့ ရုပ်ရှင်ကြယ်ပွင့်ဖြစ်ခဲ့သူ အမျိုးသမီး သရုပ်ဆောင် ဒါမီဟယ်လင်မီရင်က ချီးမြှင့်ခဲ့ပါတယ်။

အော်စကာဆုနဲ့လွဲ

ဒီဆုဟာ ဒေးလီဝစ်အတွက် ဒုတိယမြောက်ရရှိတဲ့ အော်စကာဆုပါ။ သူဟာ ၁၉၉၀ပြည့်နှစ်တုန်းကလည်း My Left Foot ဇာတ်ကားနဲ့ ပထမဆုံးအကြိမ် အော်စကာဆုရခဲ့ဖူးပါတယ်။ အသက် ၅၀ အရွယ်ရောက်နေပြီဖြစ်တဲ့ ဒေးလီဝစ်ဟာ ၁၉၉၄ခုနှစ်မှာ In the Name of the Father ဇာတ်ကားနဲ့ ၂၀၀၃ ခုနှစ်မှာ Gangs of New York ဇာတ်ကားတွေနဲ့ ပဏာမရွေးချယ်မှုအဆင့် ရောက်ပြီးကာမှ အော်စကာဆုနဲ့ လွဲခဲ့ရတဲ့သူပါ။

၂၀၀၈ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင် The Bourne Ultimatum ဇာတ်ကားဖြင့် အကောင်းဆုံး အသံရောနှောဆု ဆွတ်ခူးသွားသော (ဝဲမှယာ)ဖရန့်ဆစ်၊ စကော့မီလန်နှင့် ဒေးဗစ်ပါကာတို့အား အော်စကာဆုများနှင့်တူ ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံး ဒါရိုက်တာဆုနှင့် အကောင်းဆုံးဇာတ်ညွှန်းဆု ဆွတ်ခူး ရရှိသွားသော အီသန်(ဝဲ)နှင့်ဂျိုးလ်ကိုရင် ညီအစ်ကိုအား အော်စကာဆုများ နှင့်အတူ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သက်တမ်းကြာရှည်

ဒေးလီဝစ်ဟာ သူ့ရဲ့ကျရာဇာတ်ရုပ်မှာ စိတ်နှစ်ပြီး ပီပီပြင်ပြင် သရုပ်ဆောင်နိုင်တဲ့အတွက် အောင်မြင်ကျော်ကြားပြီး ဟောလီးဝုဒ်ရုပ်ရှင်လောကမှာလည်း သက်တမ်း ကြာရှည်အောင် ရပ်တည်နိုင်ခဲ့တာပါ။

ဒေးလီဝစ်ဟာ သူ့ရဲ့ အော်စကာဆုကို လက်ခံရယူပြီးတဲ့ နောက်မှာ ကြွရောက်ချီးမြှင့်သူတွေနဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း အလေးအနက် ပြောကြားခဲ့ပါတယ်။

၂၀၀၈ ခုနှစ် အော်စကာ ရုပ်ရှင် ထူးချွန် ဆုပေးပွဲတွင် The Bourne Ultimatum ဇာတ်ကားဖြင့် အကောင်းဆုံး အသံတည်းဖြတ်ဆု ဆွတ်ခူးသွားသော ဘာကာလန်းဒါးစ်(ဝဲ)နှင့် ဟဲလ်ဘတ်(ယာ)တို့ အား အော်စကာဆုများနှင့်အတူ တွေ့ရစဉ်။

အကောင်းဆုံးဒါရိုက်တာဆု

၂၀၀၈ ခုနှစ် အကောင်းဆုံး ဒါရိုက်တာဆုကို No Country For Old Men ဇာတ်ကားရိုက်ကူး တဲ့ ဂျိုးလ်ကိုရင်နှင့်အီသန် ညီအစ်ကို နှစ်ဦးက ဆွတ်ခူးခဲ့ပါတယ်။

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ကို No Country For Old Men ဇာတ်ကားကပင် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အကောင်းဆုံး ဇာတ်ညွှန်းဆုကိုယင်း No Country For Old Men ဇာတ်ကားက ဆွတ်ခူးသွားပါတယ်။

နောက်ထပ်အကောင်းဆုံးဇာတ်ညွှန်းဆုကို Juno ဇာတ်ကားက ဆွတ်ခူးနိုင်ခဲ့ပြီး အကောင်းဆုံးတေးဂီတဆုကို Atonement ဇာတ်ကားက ဆွတ်ခူးနိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

၂၀၀၈ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုပေး ပွဲတွင် Taxi to the Dark Side ဇာတ်ကားဖြင့် အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ကား ဆွတ်ခူးသွား သော အီဗာအော်နာနှင့် အဲလက်စ်ဂစ်ဘနီတို့အား အော်စကာဆုများနှင့် ရွှင်ရွှင်ပြုံးပြုံး။ (အင်တာနက်ဓာတ်ပုံ)

မြင့်မောင်စိုး နှင့် ချစ်စိုးနိုင်
စုစည်း ရေးသားသည်

No Country For Old Men ဇာတ်ကား၏ အော်စကာဆုလေးဆု

- ❖ အကောင်းဆုံး ဇာတ်ကားဆု
- ❖ အကောင်းဆုံး ဒါရိုက်တာဆု
- ❖ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု
- ❖ အကောင်းဆုံး ဇာတ်ညွှန်းဆု

ကာလင်းဖလားဖိုင်နယ်လုပွဲအပြီး နည်းပြတို့၏ ဖွင့်ဟစကား

ရေးသူ – မောင်မောင်မြင့်ဆွေ

"ထိုက်တန်တဲ့ ဆုဖလားပါ"
စပါးနည်းပြ ရာမို့စ်။

လန်ဒန် ဖေဖော်ဝါရီ ၂၅

၁၉၉၉ခုနှစ်က ကာလင်းဖလား ရရှိခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုတွေနဲ့ ဝေးကွာနေခဲ့ရတဲ့ စပါးအသင်းဟာ ဖေဖော်ဝါရီ၂၄ရက်က ကျင်းပခဲ့တဲ့ (၄၈)ကြိမ်မြောက် ကာလင်းဖလားဗိုလ်လုပွဲမှာတော့ နာမည်ကြီးချယ်လ်ဆီးကို နှစ်ဂိုး–တစ်ဂိုးနဲ့အနိုင်ယူပြီး ကာလင်းဖလားကို ထိုက်ထိုက်တန်တန်ဆွတ်ခူးသွားခဲ့ပြီ ဖြစ်ပါတယ်။

ခြေကုန်ထုတ်ခဲ့ရ

စပါးအသင်းကို ၂၀၀၇ခုနှစ် အောက်တိုဘာလမှာ ဆီဗီလာအသင်းက ပြောင်းရွှေ့ရောက်ရှိလာတဲ့ နည်းပြ ရာမို့စ်အတွက်ကတော့ စပါးအသင်းကို ပထမဆုံး ဆုဖလား ရယူပေးနိုင်ခဲ့ခြင်းဖြစ်ခဲ့ပါတယ်။ ဒီလို ကာလင်းဖလား ရယူပေးခဲ့တဲ့ပွဲနဲ့ပတ်သက်ပြီး နည်းပြရာမို့စ်က **"ဒီဖလားဟာ စပါးအတွက် ထိုက်တန်တဲ့ ဆုဖလားတစ်ခုပါပဲ။ စပါးအသင်းအတွက် ဒီလိုဆုဖလား ရယူပေးနိုင်တာဟာ ကျေနပ်စရာပါ။ ချယ်လ်ဆီးဟာ ထိပ်တန်းအသင်းကောင်းတစ်သင်းဖြစ်တာမို့ ကျွန်တော့်လူတွေ ဒီပွဲမှာခြေကုန်ထုတ်ခဲ့ရတယ်။ ဝုဒ်ဂိတ်သွင်းဂိုးက ကျွန်တော်တို့ကို ကာလင်းဖလား ရရှိစေခဲ့တာပါပဲ။ ကျွန်တော်ကတော့ စပါးအသင်း အောင်မြင်ဖို့နဲ့ စပါးပရိသတ်တွေအတွက် အကောင်းဆုံး အောင်မြင်မှုတွေ ရယူပေးနိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"**လို့ ပြောကြားသွားပါတယ်။

ဆွတ်ခူးနိုင်

စပါးအသင်း ကာလင်းဖလား လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့လို့ နည်းပြရာမို့စ်ကို ရေရှည်စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စပါးကလပ်က တာဝန်ရှိသူတွေ စီစဉ်နေကြပြီဖြစ်ပါတယ်။

စပါးအတွက် အောင်ပွဲအလီလီ

ရာမို့စ်ကိုင်တွယ်ခဲ့တဲ့ကာလမှာ စပါးအတွက် အောင်ပွဲတွေ အလီလီရအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် အခုဆိုရင် ပရိသတ်တွေကလည်း ရာမို့စ်ကို သူရဲကောင်းတစ်ဦးလို မှတ်ယူနေကြပါတယ်။

"စိတ်ထိခိုက်စရာကောင်းတဲ့ရလဒ်ပါပဲ"
ချယ်လ်ဆီးနည်းပြ ဂရန့်။

ဒီလိုပါပဲ နည်းပြဟောင်း မော်ရင်ဟို ရယူပေးခဲ့တဲ့ ကာလင်းဖလားဟာ နည်းပြဂရန့်လက်ထက်မှာ ပထမဆုံး ဆုံးရှုံးခံလိုက်ရတဲ့ဖလားတစ်လုံးပါပဲ။ ဂရန့်ဟာ ချယ်လ်ဆီး နည်းပြအဖြစ် တာဝန်ယူခဲ့တဲ့အချိန်ကစပြီး ချယ်လ်ဆီးကို သရေပွဲတွေ ချည်းများစေခဲ့တာကြောင့် ဂုဏ်သိက္ခာအရ ကျဆင်းမှုမရှိပေမယ့် အသင်းရလဒ်နဲ့ ရပ်တည်မှုအနေအထားက အကောင်းဆုံးမဟုတ်တော့ပါဘူး။ ဒါကြောင့် ကာလင်းဖလားကို ဆုံးရှုံးခဲ့ရပြီး ချယ်လ်ဆီးပရိသတ်ရှေ့မှောက်မှာ ဂရန့် မျက်နှာပျက်စရာဖြစ်ခဲ့ပါတယ်။

ကာလင်းဖလားကို ဆုံးရှုံးခဲ့ရမှုနဲ့ပတ်သက်ပြီး နည်းပြဂရန့်က **"စိတ်ထိခိုက်စရာကောင်းတဲ့ ရလဒ်ပါပဲ။ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံး မကစားနိုင်ခဲ့ကြဘူး။ ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နဲ့ အက်ဖ်အေပွဲတွေ ဆက်တိုက်ကစားနေကြရတာမို့ ပွဲပန်းနေတယ်။ တချို့ကစားသမားတွေ ကြံ့ခိုင်မှုမပြည့်ဝပေမယ့် ထည့်သုံးခဲ့ရတယ်။ ကျွန်တော်တို့ အသာစီးရခဲ့ပေမယ့် ပယ်နယ်တီ အပေးခံရတာကတော့ နစ်နာချက်တစ်ရပ်ပါပဲ။ အမှန်အတိုင်းဝန်ခံရရင် ကာလင်းဖလားကို ကျွန်တော်တို့ ကာကွယ်နိုင်မယ်လို့ အပိုင်တွက်ထားတာပါ။ ဒီနေ့ပွဲမှာ စပါးတို့ကစားသွားတာကောင်းပါတယ်။ သူတို့ အလွန်ကြိုးစားလို့ ဒီပွဲမှာ အနိုင်ရဗိုလ်စွဲသွားတာပါ။ ဒီပွဲမှာ သင်ခန်းစာတွေအများကြီးရလိုက်ပါတယ်"** လို့ ပြောကြားသွားခဲ့ပါတယ်။

ကိုးကား–အင်တာနက်

အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ ထိုးသတ်ပွဲ ခလစ်စကိုက အီဘာရာဂီမိုဗ်ကို အမှတ်ဖြင့်အနိုင်ရ

နယူးယောက် ဖေဖော်ဝါရီ ၂၅

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် ခလစ်စကိုနှင့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ဟဲဗီးဝိတ်ချန်ပီယံ အီဘာရာဂီမိုဗ်တို့နယူးယောက်မြို့ မက်ဒီဆင်စကွဲယားပန်းခြံ၌ ဖေဖော်ဝါရီ၂၄ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ ခလစ်စကိုက အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ **(ယာပုံ)**

အမှတ်ဖြင့်အနိုင်ပေး

နိုင်ငံတကာလက်ဝှေ့ပွဲပေါင်း ၅၀တွင် ၄၄ပွဲ အလဲထိုးမှတ်တမ်းရှိသော ခလစ်စကိုသည် အီဘာရာဂီမိုဗ်ကိုငါးချီအပြည့်ထိုးသတ်ပြီး ၁၁၉–၁၁၀၊ ၁၁၇–၁၁၁၊ ၁၁၈–၁၁၀ဖြင့် ဒိုင်လူကြီးများက အမှတ်ဖြင့်အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ခလစ်စကိုအနေဖြင့် လက်ဝှေ့ပွဲပေါင်း၅၀ထိုးသတ်ခဲ့ရာ၌ ယခုပွဲသည် ပထမဆုံး အမှတ်ဖြင့်အနိုင်ရရှိခဲ့သောပွဲဖြစ်ခဲ့သည်။ ယခုဟဲဗီးဝိတ်လက်ဝှေ့ပွဲသည် ၁၉၉၉ ခုနှစ်က အီဗင်ဒါဟိုလီဖီးကို လင်းနော့လူးဝစ် ထိုးသတ်အနိုင်ယူခဲ့ပြီးနောက် ပထမဆုံးကျင်းပသည့် ဟဲဗီးဝိတ်လက်ဝှေ့ပွဲလည်းဖြစ်သည်။ **(အင်တာနက်)**



အာဆင်နယ်တိုက်စစ်မှူး အီဒူရာဒို ခွဲစိတ်မှု အောင်မြင်သော်လည်း ကာလရှည်ကြာနားရမည်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၂၈)အဖြစ် ဘာမင်ဂမ်နှင့်အာဆင်နယ်တို့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သောပွဲ၌ အာဆင်နယ် တိုက်စစ်မှူး အီဒူရာဒို**(ဝဲပုံ)** ခြေထောက်ရိုးကျိုးသဖြင့် ဖေဖော်ဝါရီ၂၄ရက်က ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသည်။

ခြေထောက်ရိုးကျိုး

လန်ဒန်ဆေးရုံတွင် အီဒူရာဒို၏ ခြေထောက်ရိုးကျိုးမှုကို ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ပြီးနောက် အခြေအနေ တိုးတက်ကောင်းမွန်ကြောင်း အာဆင်နယ်ကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

အာဆင်နယ်တိုက်စစ်မှူး

သို့သော် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်ပြီး ပွဲစဉ်အတော်များများ ပါဝင်ကစားဖွယ်မရှိဟုလည်း သုံးသပ် ပြောကြားခဲ့သည်။ အသက် ၂၄နှစ်အရွယ် ခရိုအေးရှားနှင့် အာဆင်နယ် တိုက်စစ်မှူး အီဒူရာဒိုသည် ပြိုင်ပွဲအချို့နှင့်လည်း လွဲချော်ဖွယ် ရှိနေသည်။

(အင်တာနက်)

ရေးသူ – မြင့်မောင်စိုး

ကာတာအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ အနိုင်ရဗိုလ်စွဲ

ဒိုဟာ ဖေဖော်ဝါရီ ၂၅

ကာတာနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက်က အမျိုးသမီးတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲ၌ ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ပြိုင်ဘက်ဗီရာဇာဗိုနာရီဗာအားအနိုင်ရဗိုလ်စွဲသွားပြီဖြစ်သည်။

ဗိုလ်လုပွဲ၌ရှာရာပိုဗာက ၆–၁၊ ၂–၆၊ ၆–၀ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာ (ယာပုံ)**သည် ပထမပွဲစဉ်၌ အမှတ်ပြတ်ကစားနိုင်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင်မူ ဗီရာဇာဗိုနာရီဗာ၏ ရိုက်ချက်များကို မဆယ်နိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရသည်။ တတိယပွဲစဉ်၌မူ ရှာရာပိုဗာက အမှတ်ပြတ်ရိုက်နိုင်ခဲ့သဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။** (အင်တာနက်)

အင်တာနက် သတင်းအတိုအထွာ

- **ဘလက်ဘန်းအသင်းသည် အသင်း၏ ကွင်းလယ်တွင် အားဖြည့်ရန် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား မိုင်ကယ်ပေါ့စ်ကို ဝယ်ယူရန် ကမ်းလှမ်းထားသည်။**
- မစ်ဒယ်ဘရော့နှင့် ဖေဖော်ဝါရီ ၂၃ရက်တွင် ကစားသောပွဲ၌ ဟက်ထရစ်သွင်းယူနိုင်ခဲ့သော လီဗာပူးတိုက်စစ်မှူး တောရက်စ်က သူ့အနေဖြင့် ထိုသို့ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပျော်ရွှင်မိကြောင်း ပြောကြားသည်။
- **အသင်းတွင် အလှည့်ကျ ကစားခြင်းဖြင့် ကစားသမားတိုင်းသည် မိမိတို့၏ ခြေစွမ်းကို ထိန်းသိမ်းထားနိုင်ကြောင်း မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်က ပြောကြားသည်။**
- ရီးရဲမက်ဒရစ်အသင်းသည် ယခုရာသီကုန်၌ လီဗာပူးအသင်းမှ စတီဗင်ဂျရတ်ကို ပေါင်သန်း၅၀ဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်ကြောင်း သတင်းတွင် ဖော်ပြသည်။
- **စပါးအသင်းနှင့် ကာလင်းဖလားလုပွဲတွင် လူရွေးချယ်ရာ၌ အက်ရှ်လေကိုးအား နည်းပြဂရန့်က ချန်လှပ်ထားခဲ့သည့်အတွက် ချယ်လ်ဆီးအသင်း၌ ၎င်း၏အနာဂတ်သည် မရေရာကြောင်း သတင်း၌ ဖော်ပြသည်။**
- ဖရန့်လမ်းပတ်နှင့် ဒရော့ဘာတို့သည် ဘာစီလိုနာအသင်းတွင် နည်းပြဖြစ်လာဖွယ်ရှိသည့် ဂျို့စ်မော်ရင်ဟိုနှင့် ဆက်သွယ်မှုများ ပြုလုပ်နေပြီး ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။
- **အဲဗာတန်နည်းပြ ဒေးဗစ်မိုရက်သည် ဘိုရုရှားဒေါ့တ်မန်နှင့် သဘောတူညီမှုရရှိပြီးနောက် လာမည့်ရာသီတွင် ယင်းအသင်းမှ စတီဗင်ပီနာအာနှင့် အမြဲတမ်းစာချုပ် ချုပ်ဆိုရန်စီစဉ်နေသည်။**
- နယူးကာဆယ်နည်းပြ ကီဗင်ကီးဂန်းသည် အာဂျင်တီးနား ဘယ်နောက်ခံလူ၏ ကစားဟန်များကို လေ့လာပြီးနောက် ခေါ်ယူရန် စီစဉ်နေကြောင်း သတင်း၌ဖော်ပြသည်။
- **ရှော်ကေးအသင်းမှ ခံစစ်မှူး ဘရာဇီးကစားသမား ရာဖင်ဟာကို လီဗာပူးအသင်းက ခေါ်ယူလိုကြောင်း၊ ယင်းကစားသမားသည် အသင်းနှင့် ၂၀၁၁ခုနှစ်အထိ စာချုပ်ထားသော်လည်း အန်ဖီးလ်သို့ ရောက်ရှိလာဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။**
- အက်စတွန်ဗီလာ တိုက်စစ်မှူး ဟာရီဝုဒ်သည် အသင်းတွင် ပါဝင်သော ၎င်း၏ ကဏ္ဍနှင့်ပတ်သက်ပြီး ပျော်ရွှင်မှုမရှိတော့ကြောင်း သတင်း၌ ဖော်ပြသည်။
- **ချာလ်တန်နည်းပြ အလန်ပါဒရူးသည် ပြိုင်ဘက်ဘန်စလေနှင့် စတုတ်ခ်အသင်းတို့ကို ကျော်ဖြတ်လျက် ချယ်လ်ဆီးအသင်းမှ ကစားသမား ဆင်ကလဲယားနှင့် အငှားစာချုပ်တစ်ရပ်ချုပ်ဆိုရန် စီစဉ်နေပြီ ဖြစ်သည်။**

လက်ထပ်မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ပါမောက္ခဒေါက်တာစိန်မြင့်(ဒုဥက္ကဋ္ဌ-အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း) (President-Supreme Group of Companies, Myanmar Basketball Federation)-ဒေါ်မြတ်သန္တာ(Sr.Vice President-Supreme Group of Companies)

တို့၏သား

မောင်ဇော်နိုင်သိန်း B.Sc (Physics)

Vice President (Supreme Group of Companies)

နှင့်

နေပြည်တော်နှင့် ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးသိုက်စိုး(ငြိမ်း)

(အကြံပေး-စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး)-ဒေါ်ထွေးထွေး (Managing Director-Shwe Padauk Medical Center)

တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာသဲမြတ်စိုး M.B.,B.S (Ygn.)

လက်ထောက်ဆရာဝန် (အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာန)

တို့၏ ၁၄-၂-၂၀၀၈ရက်တွင် Sedona Hotel (Mindom Room)၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့်ဇနီး အကယ်ဒမီဒေါ်တင်တင်နွဲ့ အားလည်းကောင်း၊ ၂၁-၂-၂၀၀၈ရက်တွင် မင်းကွန်းတိပိဋကဓရ ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်နှင့် ကုမ္ပဏီများမှ ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၂၄-၂-၂၀၀၈ရက်တွင် Sedona Hotel (Grand Ball-room)၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ တိုင်းမှူးများ၏ ဇနီးများအား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုအားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသိင်္ဂီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ N.G.O အဖွဲ့ကြီးများ၊ အားကစားအဖွဲ့ချုပ်များနှင့် ကုမ္ပဏီကြီးများမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာထွန်းထွန်းနိုင်နှင့် ဒေါက်တာထွန်း လင်းအောင်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာရည်ဖြိုးဟိန်းနှင့် မမီမီစိုး၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာ မေလီလင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော ဒေါက်တာမေသင်းဇီစိုးနှင့် မယုမွန်မြင့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက် ပေးပါသော ဦးကျော်စိုးဦး၊ လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်ယဉ် ယဉ်မြ(စိန်ဧကရာဇ်)တို့အားလည်းကောင်း၊ မိတ်ကပ်- ဆံပင်အလှ ဆင်မြန်းပေးပါသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ Cupid တေးဂီတအဖွဲ့အား လည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ဝဏ္ဏခွာနီးအဖွဲ့နှင့် ဦးမောင်မောင်ညွှပ်တို့အားလည်းကောင်း၊ Sedona Hotel မှ Manager နှင့် ဝန်ထမ်းများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်နိုင်သိန်း-ဒေါက်တာသဲမြတ်စိုး။



လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ကျွန်တော် **မောင်စိုးမင်းထွန်း** A.G.T.I(Civil), B.A (Eng;) နှင့် ကျွန်မ **မဖြိုးဖြိုးသန်း** LL.B, D.L 101, WIPO (Geneva)အထက်တန်းရှေ့နေ ရန်ကုန်မြို့ တို့သည် ၁၆-၂-၂၀၀၈ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ လက်ထပ်ထိမ်းမြား၍ နောင်ချိုမြို့ ''မြို့တော်ခန်းမ''တွင် မင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးမင်းထွန်း-မဖြိုးဖြိုးသန်း။





ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးကျော် ၁၂/သကတ(နိုင်)၁၂၅၄၀၁ အမှတ် ၄၇၊ အေ ၇၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုးမိုးကျော်က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ၂၀၀၈ခုနှစ်၊ စာချုပ်အမှတ် ၄၈၃ဖြင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

''ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား''

အထက်ဖော်ပြပါ intro MEN'S WEAR ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်ရှပ်အင်္ကျီအမျိုးမျိုးကို ခေတ်မီဆန်းသစ်သော ဒီဇိုင်း၊ ကောင်းမွန်သော အရည်အသွေးတို့ဖြင့် ကိုယ်တိုင်ထုတ်လုပ်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ (ပ)ထပ်၊ ဆိုင်အမှတ် (၃၁၀/၃၁၁) နွယ်နီအထည်ဆိုင် ရှပ်အင်္ကျီ ရယ်ဒီမိတ်၊ ကလေးဝတ်အမျိုးမျိုး လက်လီလက်ကားဆိုင်မှ ဈေးနှုန်းချိုသာစွာဖြင့် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေထုတ်လုပ်ဖြန့်ချိသော ပစ္စည်းများ၏ ကောင်းသတင်း အမည်ကျော်ကြားခြင်းကြောင့် အထက်ပါ ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်းတို့ရှိကြောင်း ကြားသိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေကိုယ်ပိုင်စိတ်ကူးဖြင့် ပြုလုပ်ထားသော အထက်ပါကုန်အမှတ်တံဆိပ်ကို တုပခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အခြားကုန်အမှတ်တံဆိပ်မှ မှီငြမ်းထားသည်ဟု မမှန်စွပ်စွဲပြောဆိုခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝေမီလှိုင်	**ဦးငွေသိန်း(ခ)ဦးသန်းထွန်း**
LL.B, D.B.L	**LL.B, D.B.L, DIL, DA,Psy**
အထက်တန်းရှေ့နေ စဉ်-၂၅၃၀၇	**တရားရုံးချုပ်ရှေ့နေ စဉ်-၇၃၄၂**

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း (E-11)၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျော်သူမျိုး၏ နိုင်ငံကူးလက်မှတ် A-027720 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

ဖုန်း-၀၅၆-၂၂၀၆၆၊ ၀၅၆-၂၂၂၇၃။

သင့်သွေးဖြင့် အသက်ကယ်ပါ



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးအောင် (ဘ)ဦးအောင်သန်း၏ နိုင်ငံကူး လက်မှတ် အမှတ်-၂၂၀၅၆၄မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၁၇၃၉၆။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၈၈/၁၂၇၄၏ ပုံစံ(၁) အစိမ်းရောင်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၅၆၁၃၀၄။

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက် ညနေ ၅နာရီခန့်တွင် ကျောက်ကြီးမြို့နယ် မီးတိုင်တောကျေးရွာအုပ်စု ကော့ပြင်းကျေးရွာနေ (အဖ)ဦးတင်မောင်၏သား ဦးခင်မောင်ဝင်း အသက် (၄၂)နှစ်သည် လယ်ယာလုပ်ကိုင်ရန်အတွက် နေအိမ်မှလယ်တောသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ခင်မောင်ဝင်း၏ ညာဘက်ခြေထောက် ခြေချင်းဝတ်မှ ပြတ်ကာ ဘယ်ဘက်ပေါင်တွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးခင်မောင်ဝင်းအား တာဝန်ရှိသူများက မုန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဖော်ထုတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့ ကြံတော-ဆူးတပ် ကျောက်ချောလမ်းသစ်ဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၁၇

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် တောင်ငူမြို့နယ် ကြံတော-ဆူးတပ်ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါ လမ်းသစ်ထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က ကျောက်ချောလမ်းသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တောင်ငူမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ယင်းနောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်က လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောက်ချောလမ်းကို ကြည့်ရှုကြသည်။ **(မြို့နယ်စည်ပင်)**

အမ်းမြို့ ဈေးပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

အမ်း ဖေဖော်ဝါရီ ၁၂

(၆၁)နှစ်မြောက် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင် ရှိန်သည်အမ်းမြို့ဈေးပတ်လမ်းကတ္တရာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ဖေဖော် ဝါရီ ၇ရက်က တက်ရောက်အားပေး ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ၈၀၀၊ အကျယ်၁၂ပေရှိပြီးငွေကျပ်၄၅၂၀၀၀၀ ဖြင့် အကုန်အကျခံ၍ မြို့နယ် စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုသောအားဖြင့် မအူ ပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် ဆောင်ရွက်သောတစ်လက်မခွဲကျေး လက် ရေပေးရေး ဖွင့်ပွဲအခမ်းအနား ကို ဆိတ်ချေးကုန်းကျေးရွာ၌ကျင်းပ ရာ အခမ်းအနားသို့ ခရိုင် ဥက္ကဋ္ဌ ဦးငွေးဝင်း၊မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်း နှင့် မြို့နယ်အမှုဆောင် အရာရှိ ဦးသန်းအေးတို့ တက်ရောက်အား ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား မြို့မဈေး၌ အလေးချိန်ခွင်မှန်ကန်ရေးနှင့် အိုင်အိုဒင်းဆား ရောင်းချမှု စစ်ဆေးဆောင်ရွက်

မြစ်ကြီးနားမြို့ ဖေဖော်ဝါရီ ၁၂

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်အမှတ်(၁)၊အမှတ်(၂)ဈေးနှင့် ကမ်းနားလမ်းဈေးများ စည်းကမ်းနှင့်ညီညွတ်သော ဈေးကြီးများဖြစ်စေရန် အစဉ်တစိုက် ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ရက်က ဦးစီးအရာရှိ ဦးဂွန်စယ်၊ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျာနှင့် ဝန်ထမ်းများ ဈေးကြီးများအတွင်း အလေး၊တင်းတောင်း၊ ချိန်ခွင်များစစ်ဆေးခြင်း၊အိမ်သုံးဆား ရောင်းချသော ဆိုင်များတွင် အိုင်အိုဒင်းဆားဓာတ်ပါဝင်မှု ရှိမရှိ စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ် ရေးအတွက် အဖွဲ့ပိုင်ဈေးအတွင်း မီးဘေးဓာတ်တိုက် လေ့ကျင့်မှုကို အမှု ဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကာကွယ် တားဆီးရေးအတွက် စီမံချက်ပါအတိုင်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိရာ ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများစုပေါင်း၍ ဓာတ်တိုက်လေ့ကျင့်မှုကို မြို့နယ် ဥက္ကဋ္ဌ ဦးတင်နုနှင့်အမှုဆောင်အရာရှိ ဦးစောရွှေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

နွေသီးနှံ စီမံကိန်း တာဝန်ပေးအပ် စိုက်ဧကနှင့် စိုက်ပျိုးစနစ်ရှင်းလင်း

အရာတော် ဖေဖော်ဝါရီ ၁၂

မုံရွာခရိုင် အရာတော်မြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် နွေသီးနှံစီမံကိန်း တာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းနေစိုးက စီမံကိန်းဆိုင်ရာများကို လည်းကောင်း၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြို့နယ် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာတို့က ရပ်ကွက် ကျေးရွာ အလိုက် စိုက်ပျိုးရမည့်စိုက်ဧကများနှင့် စိုက်ပျိုးနည်းစနစ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ရပ် ကွက်နှင့် ကျေးရွာအလိုက် ဥက္ကဋ္ဌ များအား တစ်ဦးချင်း တာဝန်ပေးအပ် သည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်တုန်းမြို့ နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ဦးစီး၍ ပြည်သူများ ပူးပေါင်းဆောင် ရွက်သော အုန်းပင်စု-ကျုံပလောင်ကျေးလက် မြေသားလမ်းပြီးစီးမှုကို ဇန်နဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၂)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင် ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက်က မော်လမြိုင်မြို့ ဖက်တန်းနယ်မြေရှိ မြိုင်ရတနာလေးထပ်ဈေးနှင့် အမှတ်(၁)ဈေးတို့၌ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသရုပ်ပြဓာတ်တိုက်လေ့ကျင့်မှုပြသပွဲကို ကျင်းပ ရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် နှင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော် လင်းတို့က အမှတ်(၁)ဈေးနှင့် မြိုင်ရတနာဈေးတို့ရှိ ဆိုင်ခန်းများတွင် မီးဘေး ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှုနှင့် ရေလွယ်လင့်တကူ ရရှိရေးတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (၁၆၈)

ကျောက်လမ်းကတ္တရာခင်း

အုတ်တွင်းမြို့ ကျွဲပွဲ-မြူစိုးလမ်း ကျောက်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တ အမှုဆောင်အရာရှိ ဦးအောင်လေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (၃၁၆)

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် နာရေးကိစ္စများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) ဩဝါဒါစရိယ နာယကဆရာတော်ဦးသုဇာတလင်္ကာရ ပဏ္ဍိတသေဝနကျောင်း၊ ဝေဠုဝန်ကျောင်းတိုက် စမ်းချောင်းမှ ငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကိုအလှူရှင်ကဆရာတော်၏ရှေ့မှောက်တွင် အတွင်းရေးမှူးဦးဝင်းနိုင်မှ တစ်ဆင့် အသင်းဥက္ကဋ္ဌ ဦးတင်ညွန့် လက်ခံယူသည်။**(အပေါ်ပုံ)**

အဆိုပါ ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါက ညောင်စာရေးတိုက်နယ်အသင်း ဖုန်း–၅၆၄၃၆၀နှင့် ၀၉–၅၁–၅၁၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါနုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင် ဖခင်ကြီးဦးမော်သိန်းအားရည်စူး၍ ဇနီး ဒေါ်စန်းစန်းယု၊ သမီးကြီးဒေါက်တာယုယုမော် (ခေတ္တ–ကိုရီးယား)၊ သမီးငယ် ဒေါ်ထွေးထွေးမော် (လက်ထောက်ကထိက၊ ရေကြောင်းတက္ကသိုလ်)မိသားစု အမှတ် ၅၅ မင်္ဂလာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ် တစ်သိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။**(ယာပုံ)**

အဆိုပါမဟာဗောဓိစေတီ မနောရမလေးထပ်သိမ်ကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော်ဘဒ္ဒန္တနန္ဒိယ ဖုန်း–၀၁–၅၄၀၀၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဒီဇင်ဘာ ၂၀ရက်က ညောင်ဦးမြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် လိုအပ်သောနေရာများတွင် ပလက်ဖောင်း၊ ကပ်တုံးများ ပြုပြင်ရန် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ခရီးသွားပြည်သူများယာဉ်အန္တရာယ်ကင်းစေရေး တောင်ကြီးမြို့၌ ပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာအဝေးပြေးယာဉ်ရပ်နားစခန်း ကွပ်ကဲရေးရုံးခန်းမတွင် ဖေဖော်ဝါရီ ၁၈ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးလျန်ကျင့်မန်က ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းရေး၊ ယာဉ်မောင်းရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကြွခိုင်ရေးဆောင်ရွက်ရန်လိုအပ်ပုံ၊ ယာဉ်နောက်လိုက်များ လိုက်နာရမည့် စည်းကမ်းများ၊ ခရီးသွားများအနေဖြင့် လုံခြုံချောမွေ့စွာသွားနိုင်ရေးကိစ္စများကို ပါဝါပွိုင့်ဖြင့် ပညာပေးဟောပြောပြီး ယာဉ်ကြွခိုင်ရေးနှင့်ပတ်သက်၍ ယာဉ်စစ်တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးတင်လတ်က ရှင်းလင်းကာ မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံးခွဲတာဝန်ခံ ဒေါ်အေးအေးမော်က ခရီးသွားအာမခံလုပ်ငန်းအကြောင်း ဟောပြောသည်။ **(က–ပ)**

ဖေဖော်ဝါရီ၂ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတလည်–ချောင်းခေါင်း–သပြေတောင် ကျေးလက်မြေနီလမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက လုပ်ငန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် ဧရာဝတီတိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့်အတူ ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးညှိနှိုင်းသည်။

ဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် မြောင်းမြခရိုင်ဦးစီးအရာရှိ ဒေါ်ခင်ခင်မူတို့ လိုက်ပါလျက် မြောင်းမြမြို့ ဆင်ကူးကျေးရွာအုပ်စု ဆင်ကူးကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ကုန်းထိပ်ပြောင်းကျေးရွာ ပညာအောင်လံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်စစ်ဆေးပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် ဒီဇင်ဘာ ၁၀ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ဒေါန(၂)လမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်းထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်
၂၇–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
(မွေးမြူရေးရာ ပြန်ကြားလွှာ)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ
(သမင်ခေါင်းယမ်း–ယိုးဒယား)
(ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အချိန်ကို ဘယ်လိုတန်ဖိုးဖြတ်မှာလဲ)(ကံချွန်)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) စိန်ရေနံ့ယိုးဒယား (ကပစ ရီရီဝေ)
(၂) ခါနွေဆန်းယိုးဒယား
(ဆင်ဖြူကျွန်းသန်းသန်းမြင့်)
(၃) ဟေဝန်မြိုင်လမ်းသံဆန်း (ဦးဘုန်းမြင့်)

ညနေပိုင်း

၁၆း၂၀ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (သင်္ချာ)
၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်မုန်းရက်ရင်မုန်းလိုက်ပါ (နိုင်နိုင်မော်)
(၂) အကြင်နာမိုးတွေရွာပါစေ (မိုးခင်ကျော်)
(၃) နှစ်ယောက်ထဲကျမှပြောမယ် (ရီရီသန့်)
၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ဆူးပန်းရွက်ချဉ်ရည်နှင့် အာပြခြောက်ကြော်)
၁၇း၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီး ဆုရရန်ကုန်တိုင်းမှ မမေသူဝင်းနှင့် ကချင်ပြည်နယ်မှ မသင်းရတနာအောင်တို့၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ချစ်တပည့်သို့ စကားလက်ဆောင် (ဦးဝမ်ထိန်)
(၂) ကမ္ဘာ့အံ့ဖွယ်မှတ်တမ်းများ–ဒုတိယတွဲ (မောင်သိန်းလွင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး
(ရတနာမြိုင်တေးထုတ်လုပ်ရေးမှ ထွက်ရှိသော (Film Stars Show Vol-2)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တေးဆိုတတ်သော ရေပြာကမ်း (ညွန့်ညွန့်စိန်)
(၂) ခွဲခွာလို့ဖြင့် မနေချင် (ကိုမြသိန်း)
(၃) မြပုဏ္ဏမာ (တင်တင်မြ)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး သင်တန်းဖွင့်

မင်းတပ် ဖေဖော်ဝါရီ ၂၃

မင်းတပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကဲရ်မြန်မာတို့ ပူးပေါင်းဆောင်ရွက်သည့် ကြက်ငှက်တုပ်ကွေးကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လူထုအသိပညာမြှင့်တင်မှု ဖွံ့ဖြိုးရေးလုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ကဲရ်မြန်မာစားနပ်ရိက္ခာဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ အကြီးတန်း စီမံကိန်းအရာရှိ ဦးခေါ်ဂေမှုန်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

ပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့် စာအုပ်များလှူဒါန်း

မင်းဘူး ဖေဖော်ဝါရီ ၁၂

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မင်းဘူး(စကု)မြို့နယ် ကုလားပါးကျေးရွာပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ဦးစီးအရာရှိ ဦးတင်လတ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးမောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်က ရေဒီယိုတစ်လုံးနှင့်အလှူငွေကျပ် ၅၀၀၀၊ အလှူရှင်များက သုတ၊ ရသစာအုပ်များနှင့် စာအုပ်များဝယ်ယူဖြည့်တင်းရန် အလှူငွေကျပ် ၂၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်ချိုက ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မီးသတ်ဦးစီးဌာန (ရုံးချုပ်)မှ မီးသတ်ယာဉ်တစ်စီးပေးအပ်ခြင်းနှင့် ပေါက်မြို့နယ် မီးသတ်စခန်းအဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ရက်က ပေါက်မြို့ရှိ အဆိုပါရုံး၌ ကျင်းပရာ ခရိုင်မီးသတ် ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် မြို့နယ် ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းမှ သတ္တမအကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ကျောင်းပေါင်း ၁၅ကျောင်းမှ ကျောင်းသားပေါင်း ၁၄၀၀ခန့်ဝင်ရောက်ဖြေဆိုပွဲ၌ မြို့နယ်အဆင့် ထူးချွန် ကျောင်းသားကျောင်းသူများအား လှည်းကူးမြို့နယ် ဣန္ဒာသယကျောင်း ခန်းမ၌ ဆုပေးပွဲ ကျင်းပရာ ပထမရွှေတံဆိပ်ဆုရ မထားပပခင်(အမက မုန်ကုန်းကျေးရွာ)အား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဝင်းမြိုင် ဆုချီးမြှင့်စဉ်။ (က-ပ)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ တွင် ဆောင်ရွက်သော မော်တောင်း-ခိုတိန် ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးတို့ စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ အလက(၁) အာစရိယပူဇော်ပွဲ

ဖျာပုံ ဖေဖော်ဝါရီ ၂၀

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း (ယခင်ရုပ်တိုက်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂၇ရက်တွင် အလက(၁)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို အလက(၁) ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး ဖုန်း-၀၄၅-၄၀၁၀၂၊ ဦးတိတ် ဖုန်း-၀၄၅-၄၀၀၇၄၊ ဦးသန့်ဇင်-ဒေါ်ခင်မာစိန်၊ ဒေါ်စောလှမြင့် ဖုန်း-၀၄၅- ၄၀၂၇၄၊ ရန်ကုန်မြို့တွင် ဦးဝင်းထွဋ် ဖုန်း-၀၁-၅၃၇၀၇၄၊ ဦးစိုးနိုင်-ဒေါ်ထားထားမျိုး ဖုန်း-၀၁-၂၇၃၀၃၆နှင့် မသစ်သစ်ဦး ဖုန်း-၀၁-၂၂၁၆၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၈)**

ကျေးလက်စာကြည့်တိုက်များ ဖြန့်ချိပေးရန် မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၀

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအား ဖြန့်ချိပေးရန်အတွက် မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၃နာရီက မော်လမြိုင်ကျွန်းမြို့ ၁၂လမ်းရှိ အောင်ကဝိ စာပုံနှိပ်တိုက်၌ ကျင်းပသည်။

လက်ခံ

ယင်းမဂ္ဂဇင်းနှင့်စာအုပ်မျိုးစုံအလှူရှင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၃) ၁၂လမ်းနေ ဒေါ်ကျင်မွေး(အောင်ကဝိ စာပုံနှိပ်တိုက်)က မဂ္ဂဇင်းနှင့်စာအုပ်မျိုးစုံအုပ် ၁၆၀အား ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်က လက်ခံယူသည်။ **(ယာပုံ)**

ပြောကြား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ လှူဒါန်းသော အလှူရှင် ဒေါ်ကျင်မွေးမိသားစုအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက်က ကျောက်တန်းမြို့နယ် တံတားမြို့ စည်ပင်သာယာရေးအဖွဲ့ ရုံးအတွင်းရှိ နှစ်လက်မစက်ရေတွင်း၊ အုတ်ရေကန်နှင့် ရေစက်ရုံတို့ကို ကွင်းဆင်းစစ်ဆေးရာ တံတားမြို့ တာဝန်ခံ ဦးမိုးကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ခ၊ မြေကွက်အမှတ် ၄၈၈-၁/၂ မြေကွက်တည်နေရာ အမှတ်(၄၈၈/ခ) ခေမာသီလမ်း(ခ)ရပ်ကွက် မြောက်ဥက္ကလာပ (၁)ဦးထွန်းရီ AA-၀၉၃၈၀၅၊ (၂)ဒေါ်သိန်းနွဲ့ AA-၀၉၃၈၀၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်သိန်းနွဲ့ AA-၀၉၃၈၀၄က တစ်ဦးတည်းသော တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ဦးမောင်မောင်
ပြည်မြို့(မိတ်ဆက်)
အသက်(၇၀)

ပြည်မြို့၊ အမှတ် ၃၇၀၊ လမ်းရှည်လမ်းနေ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ကိုသက်လွင်ဦး-မဖြူဖြူကြူး၊ ကိုမောင်မောင်အောင်-မကေခိုင်ဝင်း၊ ကိုမောင်မောင်ဇော်-မဝင်းဝင်းငွေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၀၈ရက် မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၀၈ရက် ညနေ၃နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ယနေ့
မီးဘေးကြိုတင်
ကာကွယ်ရေးသည်
မနက်ဖြန်
မီးဘေးလုံခြုံရေး
ဖြစ်သည်

အမည်ပြောင်း

ပဲခူးတိုင်း ကြည်တော်ကုန်း(ခ)၄လမ်း နန်းတော်ရာရပ်ကွက်နေ အဖ ဦးငွေးအောင်၏သား မောင်သူရအောင် မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၁၁၀၆၈၅အား ယနေ့မှစ၍ မောင်သူရထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရထွန်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
(၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၆ခုနှစ် စက်တင်ဘာလ၊ ဒီဇင်ဘာလ၊ ၂၀၀၇ခုနှစ် မတ်လ၊ မေလ၊ ဇွန်လ၊ စက်တင်ဘာလ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲကို အောင်မြင်ကြသူများအပါအဝင်) မဟာသုတေသန(ဘွဲ့)၊မဟာဥပဒေဘွဲ့(၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀ အောင်)၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀ အောင်)၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ စတုတ္ထနှစ်ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် B.A/B.Sc(Engg:) ဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၀၀၈ခုနှစ် မတ် ၂၀ရက်အထိ လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော ၂" x ၁½" အရွယ် ဓာတ်ပုံနှစ်ပုံစီ [အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်း ဝတ်စုံအပြည့်ဖြင့်]၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းကြရပါမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၅။ ဘွဲ့နှင်းသဘင်ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၆

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးတင်ငွေ
မိတ္ထီလာမြို့။		၂။ ဒေါ်သန်းသန်း
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၃၄၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ ခုနှစ် မတ် ၁၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ အကွက်အမှတ်(၇၄၅/မကျီးကုန်း)၊ ဦးပိုင်အမှတ်(၁၄၆/က)၊မြေကွက်အမှတ်(၄၄၆/၆၇၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၄၀ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ လူနေနှစ်ထပ်တိုက်။

လေလံကြိမ်းခင်းဈေး ကျပ် ၆၃သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး၊ မန္တလေးတိုင်း။

ဆေးငြိမ်းသီတာ
တိုင်းရင်းဆေးစွမ်းကောင်းများ

* အကြောအားတိုးဆေးပြား/ဆေးတောင့်
* အဆီကျဆေး၊ သလိပ်ကြေဆေး
* အကိုက်အခဲပျောက်အဖျားဖြတ်ဆေး
* အစာကြေရင်ချောင်ဆေး
* အထက်လှန်အောက်လျှောသောက်ဆေး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၄၇၀၃ ဟိုင်းဘတ်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း မှတ်ပုံတင်အမှတ် ၅/ကဘလ(နိုင်)၀၈၁၆၅၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး (စစ်ကိုင်းမြို့)။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

မအူပင်–ကျိုက်လတ်–ဖျာပုံကတ္တရာလမ်းဖွင့်

ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေပြီး စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေး ပိုမိုကောင်းမွန်လာမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဧရာဝတီတိုင်းရှိ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်တို့က တာဝန်ယူဆောင်ရွက်ခဲ့သည့် မအူပင်–ကျိုက်လတ်–ဖျာပုံကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ■

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မအူပင်–ကျိုက်လတ်–ဖျာပုံ ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းနှင့်ဆောင်းပါးအညွှန်း

❒ နီကာရာဂွာ သမ္မတနိုင်ငံ

တိုး၏ သတင်းအက်ဆေး စာ – ၇

❒ ၂၀၀၈ ခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်

နိုင်ငံတကာသတင်း စာ – ၁၂

❒ အမျိုးသားညီလာခံဟာ အခြေခံဥပဒေ တစ်ရပ် ပေါ်ထွန်းရေးအတွက် ကျင်းပခဲ့တာပဲ၊ အခြေခံဥပဒေကလဲ ပြည်သူတွေ ပိုင်စိုးတဲ့ အချုပ်အခြာ အာဏာရပ်ကြီးကို ဘယ်ပုံဘယ်နည်း၊၊ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းက ပိုင်းခြားခွဲဝေ တာဝန်ယူ ကျင့်သုံးရမယ်ဆိုတာ စည်းမျဉ်းစည်းကမ်း ချပေးတာဖြစ်တယ်။ နိုင်ငံသားများရဲ့ မူလ အခွင့်အရေးကိုလဲ အခြေခံဥပဒေက တာဝန်ယူ ထားတယ်။ ဒါကြောင့်လဲ နိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာ နိုင်ငံမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံ ဥပဒေကြီးလဲဖြစ်တယ်၊ အထွတ်အထိပ်လဲဖြစ်တယ်။

မောင်ကာဠု၏ ဆောင်းပါး (စာ ၈၊ ၉)

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား